ကြေးမုံ
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
The Mirror Daily
Established in 1957

e – paper ဖတ်ရှုရန်

**ကောင်းမှုအနည်းငယ်ပြုဖန်များသော်**
**ကောင်းမှုနှင့်ပြည့်**

ငါ၏ အနည်းငယ်မျှသော ကောင်းမှုသည် ငါ့အား အကျိုးမပေးလတ္တံ့ဟု ကောင်းမှုကို မထိမဲ့မြင် မမှတ်ရာ၊ မိုးပေါက်ကျဖန်များသော် ရေအိုးကြီးပင် ပြည့်လေသကဲ့သို့၊ ကောင်းမှုကို အနည်းငယ် အနည်းငယ်ပြုဖန်များသော် ပညာရှိသည် ကောင်းမှုနှင့် ပြည့်လေ၏။

ပါပဝဂ်(ဓမ္မပဒ–၁၂၂)

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက် စနေနေ့။ Saturday, 17 October 2026 ၁၂၃၃၄

# နိုင်ငံတော်သမ္မတရုံးက ထုတ်ပြန်ထားသည့် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို ထပ်မံ၍ ရက်ပေါင်း ၉၀ အထိ ဆက်လက်အတည်ဖြစ်စေရေးကို လွှတ်တော်က အတည်ပြု

နေပြည်တော် အောက်တိုဘာ ၁၆

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးဆဋ္ဌမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပစဉ်။

## ယနေ့ မိုးလေဝသ

**နေပြည်တော်နှင့် အနီးတစ်ဝိုက်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

## ပုသိမ်-ဟင်္သာတ ရထားလမ်းပိုင်းအတွင်း ရထားလမ်းများရေကျော်မှုကြောင့် ယာယီရပ်နားထားရသည့် ပုသိမ်-ဟင်္သာတ-ကြံခင်း အစုန်/အဆန် ရထားခရီးစဉ်များ ပုံမှန်ပြန်လည်ပြေးဆွဲလျက်ရှိ

စာမျက်နှာ » ၄

## ပထမအကြိမ် မြန်မာ-ရုရှား နှစ်နိုင်ငံရေတပ်ချင်းတွေ့ဆုံဆွေးနွေးပွဲ (1st Myanmar-Russia Navy to Navy Talks) ပြုလုပ်

စာမျက်နှာ » ၁၆

## (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့ဆက်လက် ကျင်းပ

စာမျက်နှာ » ၇

## ထားဝယ်မြို့၌ ထားဝယ်ရိုးရာသပိတ်မျှောပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

စာမျက်နှာ » ၈

## မြန်မာ့ထောပတ်သီးနှင့် သစ်သီးဝလံပွဲတော် ၂၀၂၆ ကျင်းပမည်

စာမျက်နှာ » ၁၈

## ဝါသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဝါစိုက်တောင်သူများနှင့်တွေ့ဆုံ

မုံရွာ အောက်တိုဘာ ၁၆

စက်မှုကုန်ကြမ်းသီးနှံ ဝါစိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသည့် ကုန်ကြမ်းပစ္စည်းများကို အခြေခံ၍ အဆင့်မြှင့်ကုန်ချောပစ္စည်းအဝတ်အထည်များ ထုတ်လုပ်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ ချမ်းမြဝတီရပ်ကွက် ကွင်းအမှတ်(၆၆၅)တွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေး၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖



## ဒဂုံစင်တာ၊ Time City နှင့် အင်းယားလမ်းတို့၌ သီတင်းကျွတ်ဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၆

ဒဂုံစင်တာ၊ Time City နှင့် အင်းယားလမ်းတို့၌ သီတင်းကျွတ်ဈေးရောင်းပွဲတော် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Dagon Centre(1/2) Indoor Promotion Area ၌ သီတင်းကျွတ်အကြိုဈေးရောင်းပွဲတော်ကြီးအဖြစ် အောက်တိုဘာ ၁၇ ရက်မှ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကာ သီတင်းကျွတ်သီချင်းများဖြင့်

စာမျက်နှာ ၅ ကော်လံ ၄ သို့ ❍



## သီတင်းကျွတ်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် အထူးရထားများတိုးချဲ့ပြေးဆွဲမည်

နေပြည်တော် အောက်တိုဘာ ၁၆

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ရထားစီး ခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာသွားလာနိုင်ရန်အတွက် ရန်ကုန်–မန္တလေးလမ်းပိုင်း၊ ရန်ကုန်–ပြည်နှင့် ရန်ကုန်–မော်လမြိုင်လမ်းပိုင်းတို့တွင် ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့်လည်းကောင်း၊ လေအိတ်ရထားတွဲဆိုင်းများဖြင့်လည်းကောင်း၊ ရိုးရိုး (AAR)တွဲဆိုင်းများဖြင့်လည်းကောင်း၊ နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိရာ ခရီးသည်များ ကြိုက်နှစ်သက်ကြပြီး

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✳

## ကိုယ်ပိုင်မူဟန် စိုက်ထူပြန်သည့် ယဉ်ကျေးမှုအသိနှင့် အနုပညာအနှစ်

ဆောင်းပါး

စာမျက်နှာ » ၆

ကြေးမုံ

# တိုင်းရင်းသားအားလုံးအတူလက်တွဲ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲ

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုပါက အမျိုးသားစည်းလုံးညီညွတ်မှု အားနည်းနေသည့်အချိန်ကာလတွင် နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ကြီးမားသည့်စိန်ခေါ်မှုတစ်ရပ်ဖြစ်ပေါ်လာသည်ကို တွေ့ရမည်ဖြစ်သည်။ အမျိုးသားစည်းလုံးညီညွတ်မှုဆိုသည်မှာ တိုင်းရင်းသားလူမျိုးစုပေါင်းတစ်ရာကျော် စုစည်းနေထိုင်သည့် ဤပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွင်း တိုင်းရင်းသားလူမျိုးအချင်းချင်း တစ်စိတ်တစ်ဝမ်းတည်း အတူလက်တွဲ၍ မရှိအတူ ရှိအတူ၊ ဆိုးတူ ကောင်းဖက်စုပေါင်းနေထိုင်ခြင်းဖြစ်သည်။ အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာအားကောင်းနေသည့်ကာလ၌ နိုင်ငံတည်ငြိမ်အေးချမ်းပြီး တိုင်းပြည်အင်အား တောင့်တင်းခိုင်မာနေသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကုန်းဘောင်ခေတ်နှောင်းကာလမှစ၍ အမျိုးသားစည်းလုံးညီညွတ်မှု အားနည်းလာသည်ကို တွေ့မြင်နိုင်သည်။ အမျိုးသားစည်းလုံးညီညွတ်မှု အားနည်းမှုကြောင့်ပင် တိုင်းပြည်တိုင်းတစ်ပါးလက်အောက် ကျွန်သဘောက်ဘဝသို့ နှစ်ပေါင်းတစ်ရာကျော် ကျရောက်ခဲ့ရသည်ကို အားလုံးအသိပင်ဖြစ်သည်။ တိုင်းတစ်ပါးလက်အောက်မှ လွတ်မြောက်ရေးအတွက် အမျိုးသားစည်းလုံးညီညွတ်မှုကို ခိုင်မာအားကောင်းလာအောင် ပြန်လည်တည်ဆောက်ပြီး လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံအဖြစ်သို့ရောက်ရှိခဲ့သည်။ သို့သော် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူဖြစ်ပေါ်လာသော သဘောထားကွဲလွဲမှုများ၊ အာဃာတများ၊ မာန်မာနအတ္တများ၊ လူမျိုးစွဲ၊ ဝါဒစွဲများကြောင့် တိုင်းရင်းသားလူမျိုးအချင်းချင်း နှစ်ပေါင်း ၇၀ ကျော်ကြာသည့်တိုင်အောင် လက်နက်ကိုင်ပဋိပက္ခများဖြစ်နေသည်မှာ မိမိနိုင်ငံ၊ မိမိလူမျိုးများသာ ထိခိုက်နစ်နာဆုံးရှုံးမှုများ ဖြစ်ကြရသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ အောက်တိုဘာ ၁၅ ရက်နေ့က လာရောက်ဂါရဝပြုတွေ့ဆုံခဲ့ရာ တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတက "လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်တို့အားလုံး ညီညီညွတ်ညွတ်ဖြင့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် စုစည်းညီညွတ်သည့်အားဖြင့် ကြိုးပမ်းဆောင်ရွက်နေကြသည့်အချိန်ဖြစ်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန်အတွက် အကောင်းဆုံးအချိန်အခါကောင်းပင်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် ဆွေးနွေးဆောင်ရွက်ကြရာတွင် မိမိတို့ဖြစ်လိုသည့် စိတ်ဆန္ဒတစ်ခုတည်းကိုသာ ကြည့်၍ ဆောင်ရွက်နေမည့်အစား ပြည်ထောင်စုအကျိုးကိုကြည့်၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်" အလေးထားတိုက်တွန်းပြောကြားသည်။

ငြိမ်းချမ်းရေးကို အလေးထားဆောင်ရွက်ကြရာတွင် အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာအားကောင်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မိမိဒေသ၊ မိမိလူမျိုးအတွက်သာ ကိုင်စွဲထားသရွေ့ အမျိုးသားစည်းလုံးညီညွတ်မှုမခိုင်မြဲဘဲ ငြိမ်းချမ်းရေးနှင့် အလှမ်းဝေးကာ တိုင်းရင်းသားပြည်သူများသာ ဆင်းရဲဒုက္ခရောက်ကြရမည်ကို သတိမမေ့ဖို့လိုသည်။ မြန်မာနိုင်ငံတွင် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုရှိရာတွင် အမည်သညာအရ လူမျိုးစုတစ်ခုကိုကိုယ်စားပြုသော်လည်း ဒေသတစ်ခုတွင် လူမျိုးပေါင်းစုံ၊ တိုင်းရင်းသားမျိုးစုံရောယှက်နေထိုင်ကြသည်။ ဥပမာအားဖြင့် ရှမ်းပြည်နယ်တွင် ရှမ်းလူမျိုး ၃၅ ရာခိုင်နှုန်းကျော်သာနေထိုင်ပြီး အခြားလူမျိုးများလည်းနေထိုင်ကြသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် ဗမာလူမျိုးအများစုနေထိုင်ကြသော်လည်း ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ အေးချမ်းစွာ အတူလက်တွဲနေထိုင်လျက်ရှိသည်။

ဒေသတစ်ခုသည် လူမျိုးတစ်မျိုးတည်းက ပိုင်ဆိုင်ခြင်းမဟုတ်ဘဲ ယင်းဒေသတွင်နေထိုင်ကြသော တိုင်းရင်းသားလူမျိုးများအားလုံးက ပိုင်ဆိုင်ကြသည်၊ အခွင့်အရေးရှိသည်ဟူသည့် ဒီမိုကရေစီသဘောထား၊ ပြည်ထောင်စုသဘောထား၊ သာတူညီမျှအခွင့်အရေးသဘောထားစသည်တို့ကို မွေးမြူကြရန်လိုအပ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် စိတ်ရင်းစေတနာမှန်ဖြင့် ငြိမ်းချမ်းရေးရရှိအောင် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လက်ရှိအချိန်တွင် အားလုံးတန်းတူညီမျှ ပါဝင်ဆောင်ရွက်နိုင်သည့် ဒီမိုကရေစီအခင်းအကျင်းကို တည်ဆောက်လျက်ရှိသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးယူပြီးလျှင် နိုင်ငံရေးလုပ်လိုပါက ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ပါတီတည်ထောင်ရန်၊ စီးပွားရေးလုပ်လိုပါက ဥပဒေနှင့်အညီဆောင်ရွက်ရန်၊ ကာကွယ်ရေးတာဝန်ထမ်းဆောင်လိုပါက တပ်မတော်နှင့်ပူးပေါင်း၍ နယ်ခြားစောင့်တပ်ဖွဲ့အဖြစ် ထမ်းဆောင်ရန်၊ သာမန်အရပ်သားပြည်သူကဲ့သို့ အေးချမ်းစွာနေထိုင်လိုပါက ဥပဒေအကာအကွယ်အောက်တွင် လုံခြုံစွာနေထိုင်နိုင်ရန်တို့ကို နိုင်ငံတော်အကြီးအကဲက ပြောကြားခဲ့ပြီးဖြစ်သည်။

သို့ဖြစ်ရာ စစ်မှန်သည့်ဒီမိုကရေစီအစိုးရလက်ထက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွက် အခွင့်အလမ်းများရှိပြီးဖြစ်ရာ ပြည်ထောင်စုကြီးအကျိုးကိုရှေးရှု၍ ဖြစ်နိုင်သည်များနှင့် ဖြစ်သင့်သည်များကိုသာကြည့်ကာ အမျိုးသားစည်းလုံးညီညွတ်မှုကို ခိုင်မာစွာတည်ဆောက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကြီးတည်ဆောက်ရေးကိုရည်မှန်း၍ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ဟိုပုံးမြို့နယ်၌ မြန်မာနိုင်ငံလုံးဆိုင်ရာ ဆဋ္ဌမအကြိမ်မြောက် နာဂပုရ သာသနာလင်္ကာရ သာမဏေကျော် စာမေးပွဲကြီး ကျင်းပမည်

ဟိုပုံး အောက်တိုဘာ ၁၆

နာဂပုရ သာသနာလင်္ကာရ အသင်းကြီးက ကြီးမှူး၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ဆဋ္ဌမအကြိမ်မြောက် နာဂပုရသာမဏေကျော် စာမေးပွဲကြီးကို ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့၌ ကျင်းပသွားမည်ဖြစ်သည်။

နာဂပုရ သာမဏေကျော် စာမေးပွဲကြီးကို နိုဝင်ဘာ ၁၀ ရက်မှ ၁၆ ရက် အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ မူလတန်းအဆင့်၊ ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်းအပါး ၄၀၀၀ ကျော် ဝင်ရောက် ဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစာမေးပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စာမေးပွဲဖြေဆိုမည့်နေရာများ ပြင်ဆင်ထားရှိမှု၊ ရဟန်း၊ သာမဏေနှင့် သီလရှင်များ အဆင်ပြေစေရေးစီစဉ်ဆောင်ရွက်ထားရှိမှု၊ ဒေသခံပြည်သူများ လုပ်အားပေးဆောင်ရွက်နေမှု၊ နေရာထိုင်ခင်းနှင့် လိုအပ်သည့်အထောက်အကူပြုပစ္စည်းများ ပြင်ဆင်ထားရှိမှုတို့ကို အောက်တိုဘာ ၁၄ ရက်က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်သည် အဖွဲ့ဝင်များနှင့်အတူ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ ပအိုဝ်းဒေသ(ပြန်/ဆက်)

## (၁၆-၁၀-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၀ ~ ၃၆၇၁ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆၀ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၂,၀၇၉,၀၄၈.၀၃ | ၄,၈၆၅,၆၆၅.၀၅ | ၁၀,၀၆၀,၈၆၀.၄၅ | - |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၁၆ - ၁၀ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၆ – ၁၀ – ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၈,၅၀၀ | ၁၉,၅၀၀ | ၉၆၅ | ၁၈,၃၁၁,၀၀၀ |
| MTSH | ၈,၅၀၀ | ၈,၆၀၀ | ၁,၈၂၃ | ၁၅,၄၉၇,၂၀၀ |
| MCB | ၁၂,၅၀၀ | ၁၂,၅၀၀ | ၁,၀၀၀ | ၁၂,၅၀၀,၀၀၀ |
| FPB | ၆,၈၀၀ | ၆,၉၀၀ | ၃,၂၁၇ | ၂၁,၈၈၂,၃၀၀ |
| TMH | ၃,၂၀၀ | ၃,၂၀၀ | ၃၂ | ၁၀၂,၄၀၀ |
| EFR | ၁,၆၅၀ | ၁,၇၀၀ | ၃,၀၄၉ | ၅,၀၁၁,၃၅၀ |
| AMATA | ၄,၃၀၀ | ၄,၃၀၀ | ၀ | ၀ |
| MAEX | ၆,၄၀၀ | ၆,၃၀၀ | ၄၆၀ | ၂,၉၂၉,၀၀၀ |
| MADPL(PLB) | ၆,၃၀၀ | ၆,၃၀၀ | ၃၀၁ | ၁,၈၉၆,၃၀၀ |
| ASPGB(PLB) | ၅,၉၀၀ | ၅,၈၀၀ | ၃,၆၈၄ | ၂၁,၆၇၀,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေးဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ **ရှေ့ဖုံးမှ**

၅၂၆ ဦးတက်ရောက်သဖြင့် ၉၃ ဒသမ ၉၃ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကကနိုင်ငံတော်သမ္မတထံမှပေးပို့ထားသော ကာကွယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအောင်အား ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးအပ်ခြင်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသသည်။

ဆက်လက်၍ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်၌ ပြည်ထောင်စုဝန်ကြီးများအဖြစ်ခန့်အပ်တာဝန်ပေးအပ်ပြီးဖြစ်သည့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုလွင်တို့က ကတိသစ္စာပြုကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်းကြေညာသသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အား ဆက်လက်အတည်ဖြစ်စေရေးနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင်**က မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်၊ ရှမ်းပြည်နယ် ကျောက်မဲမြို့နယ်နှင့် သီပေါမြို့နယ်တို့မှအပ အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိလာခြင်းမရှိသေးသည့် မြို့နယ် ၅၅ မြို့နယ်ကို ထပ်မံ၍ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အား နောက်ထပ်ရက်ပေါင်း ၉၀ အထိ ဆက်လက်အတည်ဖြစ်စေရေးကိစ္စရပ်အား ထောက်ခံဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ မတည်ငြိမ်မအေးချမ်းသေးသည့် ဒေသများတွင် တရားဥပဒေစိုးမိုးရေး၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးနှင့် အုပ်ချုပ်ရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးတို့အတွက် ဥပဒေနှင့်အညီ လိုအပ်သည့် အစီအမံများ ဆောင်ရွက်ခြင်းသည် အရေးကြီးပါကြောင်း၊ အရေးပေါ်အခြေအနေတစ်ရပ်ကို ကိုင်တွယ်ဖြေရှင်းရာတွင် အမိန့်တစ်ရပ်ထုတ်ပြန်ခြင်း၊ အုပ်ချုပ်ရေးစနစ်တစ်ရပ် ပြောင်းလဲကျင့်သုံးခြင်းတို့ဖြင့်သာ လုံလောက်သည်ဟု ပြော၍မရဘဲ အဆိုပါဆောင်ရွက်မှုများကြောင့် ပြည်သူများလုံခြုံရေး၊ စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများ ပြန်လည်ရရှိမှုကို လက်တွေ့ရလဒ်များဖြင့် တိုင်းတာကြရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိခြင်းမရှိသေးသည့် ၅၅ မြို့နယ်အား အရေးပေါ်အခြေအနေနှင့် စစ်အုပ်ချုပ်ရေး သက်တမ်းဆက်လက်ထားရှိခြင်းနှင့်အတူ ပြည်သူများ၏ နေ့စဉ်ဘဝပြန်လည်တိုးတက်ကောင်းမွန်ရေးကိုပါ တစ်ပြိုင်တည်း ဆက်လက်ဆောင်ရွက်ပေးနိုင်ပါရန် ထောက်ခံဆွေးနွေးတင်ပြသည်။

**သီပေါမဲဆန္ဒနယ်မှ ဦးကောင်းသက်စံ** က လက်ရှိရှမ်းပြည်နယ်မြောက်ပိုင်းတွင် အချို့သော အဖွဲ့အစည်းများက တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း စစ်ဘုရင်ဝါဒကို အသက်သွင်းနေကြသဖြင့် ပြည်သူများဒုက္ခမျိုးစုံခံစားနေကြရသဖြင့် ယင်းအခြေအနေကို သတိထားကိုင်တွယ်ဖြေရှင်းပေးရန် လိုအပ်ပါကြောင်း၊ မည်သို့ပင် စစ်ဘုရင်ဝါဒဖြင့် အုပ်ချုပ်စေကာမူ အချိန်တန်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း ဆောင်ရွက်ရမည်ဖြစ်ကာ ဒီ့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

တရားဥပဒေစိုးမိုးရေးသည် လမ်းညွှန်မြေပုံဖြစ်ပြီး တည်ငြိမ်အေးချမ်းရေးသည် ယာဉ်၏ဘီးဖြစ်သဖြင့် လမ်းညွှန်မြေပုံမရှိလျှင် ဦးတည်ရာပျောက်နိုင်ပြီး ဘီးမရှိလျှင် ခရီးမဆန့်နိုင်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ ရှေ့ခရီးအောင်မြင်စေရန် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကို အခြေခံအုတ်မြစ်အဖြစ် ခိုင်မာစွာတည်ဆောက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့်အပြင် ပြည်သူများဘဝ တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးဆက်လက်လိုအပ်လျက်ရှိသဖြင့် ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အား ဆက်လက်အတည်ဖြစ်စေရန် လေးနက်စွာထောက်ခံကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတရုံးက ထုတ်ပြန်ထားသည့် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို ထပ်မံ၍ ရက်ပေါင်း ၉၀ အထိ ဆက်လက်အတည်ဖြစ်စေရေးကို လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် လွှတ်တော်က အတည်ပြုကြောင်း ကြေညာသသည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းနှစ်ပတ်လည်အစီရင်ခံစာနှင့် ယင်းအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ(၁/၂၀၂၆)တို့နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**မန္တလေးတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ် (၁၀)မှ ဦးမြင့်စန်း**က နိုင်ငံ၏စီးပွားရေးကဏ္ဍမြှင့်တင်ရန်အတွက် အသေးစား၊ အငယ်စား၊ အလတ်စား MSME လုပ်ငန်းများကို ဦးစားပေး၍ ဘဏ္ဍာငွေပံ့ပိုးပေးရန်၊ စက်ရုံမြေနေရာများနှင့် အလုပ်သမားများနေထိုင်ရန် အိမ်ရာများ ဖော်ထုတ်ပေးရန်၊ အလုပ်သမားမိသားစုများ တရားဝင်နေထိုင်လုပ်ကိုင်နိုင်ရေး ကူညီဆောင်ရွက်ပေးရန်၊ MSME လုပ်ငန်းရှင်များ တောင်းဆိုထားသည့် စက်ရုံမြေနေရာများနှင့် အိမ်ရာမြေနေရာများကို အသိအမှတ်ပြုပေးရန်၊ ကုန်ကြမ်းဝယ်ယူရာတွင် ငွေကြေးကိစ္စနှင့် လျှပ်စစ်ဓာတ်အား၊ စက်သုံးဆီများရရှိရေးနှင့် လုပ်ငန်းလိုင်စင်လျှောက်ထားရာတွင် အမြန်ရရှိရေး ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်းနှင့် အစီရင်ခံစာတင်ပြချက်ကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ် (၈)မှဦးကြည်လင်းထက်**က စီမံကိန်းပါအချက်အလက်များအရ ပုံသေဈေးနှုန်းဖြင့် တွက်ချက်ထားသော GDP တွင် လယ်ယာကဏ္ဍအချိုးအစား လျော့နည်းလာသဖြင့် အမှန်တကယ် ကုန်ထုတ်စွမ်းအား၊ စိုက်ပျိုးမြေဧကအလိုက် အထွက်နှုန်းနှင့် တောင်သူဝင်ငွေတို့ကို အသေးစိတ်စစ်ဆေးသုံးသပ်ရန် လိုအပ်ပြီး တောင်သူများ ဝင်ငွေကျဆင်းပါက ကုန်စည်စားသုံးမှု၊ ကျေးလက်ဈေးကွက်၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင် ဖန်တီးနိုင်မှုတို့အပေါ် ဆင့်ပွားထိခိုက်နိုင်သောကြောင့် GDP အချိုးအစားသာမက ပို့ကုန်တိုးတက်မှုနှင့် ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကိုပါ ဆက်စပ်ရေးဆွဲသင့်ပါကြောင်း။

ထို့ပြင် လျှပ်စစ်ကဏ္ဍတွင် သာမန်စာရင်းပိုငွေပြသနိုင်သော်လည်း စီမံကိန်းဘတ်ဂျက်ကို အပြည့်အဝအကောင်အထည်မဖော်နိုင်သေးဘဲ လျှပ်စစ်ပြတ်တောက်မှုများ ကြုံတွေ့နေရဆဲဖြစ်ရာ စာရင်းပိုငွေပြနိုင်ရုံမျှဖြင့် အောင်မြင်မှုအဖြစ် မသတ်မှတ်ဘဲ စီမံကိန်းများ အချိန်မီပြီးစီးမှုနှင့် ပုံမှန်ဓာတ်အားဖြန့်ဖြူးပေးနိုင်စွမ်းတို့ကို အလေးထား ချိတ်ဆက်သုံးသပ်ရမည်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ အမျိုးသားစီမံကိန်းအကောင်အထည်ဖော်ရာတွင် ပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်များနှင့်အညီ ကဏ္ဍအလိုက် ထုတ်လုပ်မှုတိုးတက်နှုန်း၊ ဘတ်ဂျက်အသုံးပြုနိုင်မှုနှင့် စီမံကိန်းပြီးစီးမှုတို့ကို ဘက်စုံချိတ်ဆက်အကဲဖြတ်ကာ ပြည်သူများ လက်တွေ့အကျိုးခံစားရမည့် ရလဒ်အခြေပြုစီမံကိန်းစနစ် ပိုမိုအားကောင်းစေရန် လိုအပ်ကြောင်း ဆွေးနွေးသည်။

**တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ် (၁၀)မှ ဦးသန်းအေး(ခ) ဦးတင်ဦးက** ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံရေးပဋိပက္ခဖြစ်ပွားခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်း၊ တရားဥပဒေစိုးမိုးမှုကျဆင်းခြင်း၊ လုပ်သားရှားပါးခြင်း၊ သယ်ယူပို့ဆောင်ရေးခက်ခဲမှုစသည်တို့ဖြစ်ပွားခဲ့ကြောင်း၊ ၂၀၂၆ ခုနှစ်တွင် စက်မှုထုတ်ကုန်များ ဝယ်လိုအားမြင့်တက်လာနိုင်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ အားကောင်းလာနိုင်ခြင်း စသည့် အခြေအနေများကြောင့် စီးပွားရေးအခြေအနေတိုးတက်လာနိုင်ပါကြောင်း၊ ပြည်သူများ စားဝတ်နေရေးအဆင်ပြေပြီး တစ်မျိုးသားလုံး စီးပွားရေးတိုးတက်ရန်နှင့် စီးပွားရေးစီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အဓိကလိုအပ်ချက်မှာ နိုင်ငံတစ်ဝန်းအေးချမ်းတည်ငြိမ်ပြီး တရားဥပဒေစိုးမိုးမှုရှိခြင်း၊ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့လွယ်ကူခြင်းတို့ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေများကို နိုင်ငံရေးနည်းလမ်းများဖြင့် ဖြေရှင်းပြီး ကုန်စည်စီးဆင်းမှုများ လွယ်ကူမြန်ဆန်လာစေခြင်း၊ အရှုံးပေါ်နေသည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၊ စက်ရုံများကို ပြန်လည်သုံးသပ်ပြီး အကျိုးအမြတ်ရှိစွာ ဆက်လက်ဆောင်ရွက်ကာ ပြည်သူများ၏ စားဝတ်နေရေးပြည့်စုံအောင် ဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးသည်။

**မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ**က နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းအချို့တွင် လိုငွေပြမှုများရှိနေခြင်းသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအပေါ် ဖိအားတိုးစေနိုင်သည့်အပြင် ရေရှည်တွင် နိုင်ငံ၏ဘဏ္ဍာရေးတည်ငြိမ်မှုကို အားနည်းစေနိုင်ကြောင်း၊ လိုငွေကို ဘဏ္ဍာရန်ပုံငွေမှ ဖြည့်ဆည်းပေးခြင်းထက် လိုငွေဖြစ်ပေါ်ရသည့် အကြောင်းရင်းကို သေချာစိစစ်၍ ပြုပြင်ရေးအစီအစဉ်များ ချမှတ်ရန်လိုအပ်ပြီး ဘက်ပေါင်းစုံမှ ပြန်လည်ရှုမြင်သုံးသပ်ဆောင်ရွက်ခြင်းဖြင့် ရလဒ်ကောင်းများပေါ်ထွန်းလာနိုင်မည်ဖြစ်ကြောင်း၊ လိုငွေဖြစ်ပေါ်နေသည့် လုပ်ငန်းတိုင်းသည် စီမံခန့်ခွဲမှုမှားယွင်းမှုကြောင့်ဟု တစ်ထစ်ချသတ်မှတ်၍မရဘဲ ကုန်ကြမ်းနှင့် စွမ်းအင်စရိတ်မြင့်မားခြင်း၊ စက်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းစရိတ်များပြားခြင်း၊ ရောင်းချရသည့်ဈေးနှုန်းထက် ထုတ်လုပ်မှုစရိတ်ပိုမိုများပြားခြင်း၊ ပြည်သူများအတွက် ဝန်ဆောင်ခကို ကုန်ကျစရိတ်အောက် လျှော့ချသတ်မှတ်ထားခြင်းနှင့် လုပ်ငန်းလည်ပတ်မှုထိရောက်မှုနည်းပါးခြင်းတို့လည်း ဆက်စပ်နီးနွှယ်နေသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

အလားတူ ချင်းပြည်နယ် ကိုယ်စားလှယ်အမှတ် (၁၁)မှ ပီကျိန်ငိုက်မန်၊ ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးခင်လှိုင်နှင့် ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဟံသာဝင်းတို့ကလည်း အကြံပြုထောက်ခံဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နယကက အဆိုပါကိစ္စနှင့်စပ်လျဉ်း၍သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းအစီအစဉ်တို့ကို ဆက်လက်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆောင်ရွက်ရန်လျာထားပါကြောင်း အသိပေးကြေညာသသည်။

ထို့နောက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာနှင့် ယင်းအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၂/၂၀၂၆)တို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ**က ဘတ်ဂျက်လိုငွေ လျှော့ချရာတွင် အစိုးရအသုံးစရိတ်ဖြတ်တောက်ခြင်းတစ်ခုတည်းသာမက အခွန်ပေးဆောင်သူအရေအတွက်တိုးချဲ့ရန်လိုအပ်ခြင်း၊ အခွန်နှုန်းထားတိုးမြှင့်ခြင်းထက် အခွန်အခြေ(Tax Base) ကျယ်ပြန့်အောင် ဦးစားပေးဆောင်ရွက်ခြင်း၊ အခွန်ကောက်ခံမှုစနစ်ကို ရှင်းလင်းစေပြီး အခွန်ကင်းလွတ်ခွင့်များ ပြန်လည်သုံးသပ်သင့်ခြင်း၊ အခွန်တိမ်းရှောင်မှုကိုတားဆီးခြင်းတို့ ဆောင်ရွက်ရန်လိုအပ်ခြင်း၊ ရေရှည်အကျိုးရှိသော ရင်းနှီးမြှုပ်နှံမှုများအတွက် စီမံခန့်ခွဲခြင်း၊ အခွန်ဝင်ငွေပိုမိုတည်ငြိမ်လာပြီး အစိုးရ၏ ချေးငွေအပေါ် မှီခိုမှုကိုလျှော့ချနိုင်စေရန် ဆောင်ရွက်ခြင်း၊ အစိုးရအသုံးစရိတ်များကို ထိရောက်စွာ စီမံခန့်ခွဲခြင်း၊ အသုံးစရိတ်ကို လျှော့ချခြင်းထက် အသုံးစရိတ်၏ အကျိုးရှိမှုကို မြှင့်တင်ရန် လိုအပ်ခြင်း၊ အစိုးရပိုင်စီးပွားရေးလုပ်ငန်းများ၏ ဘဏ္ဍာရေးစွမ်းအင်မြှင့်တင်ဆောင်ရွက်နိုင်ခြင်း၊ အစိုးရ၏ဘဏ္ဍာရေးလိုအပ်ချက်အတွက် ဗဟိုဘဏ်မှငွေကြေးဖောင်းပွမှုအန္တရာယ်၊ ချေးငွေကိုဆက်တိုက်တိုးမြှင့်ပါက အတိုးပေးချေမှုနှင့် အနာဂတ်ဘဏ္ဍာရေး ဝန်ထုပ်ဝန်ပိုးမြင့်တက်လာနိုင်မှု၊ ရေရှည်စီးပွားရေး စွမ်းရည်တိုးတက်စေမည့်စီမံကိန်းများတွင် ဦးစားပေးအသုံးပြုရန်လိုအပ်မှု၊ ပြည်တွင်းဘဏ်များမှ အစိုးရကို ချေးငွေများစွာပေးရသည့်အခါ ပုဂ္ဂလိကလုပ်ငန်းများအတွက် ချေးငွေရရှိမှုလျော့နည်းသွားနိုင်ပြီး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုနှင့် GDP တိုးတက်မှုအပေါ် ထိခိုက်သက်ရောက်မှုရှိနိုင်ခြေတို့အား သတိထားရန်လိုအပ်ကြောင်း ဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ် (၈)မှ ဦးကြည်လင်းထက်**က ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာအပေါ် ဆွေးနွေးရာတွင် မူလခန့်မှန်းငွေထက် ပြင်ဆင်ခန့်မှန်းငွေ၌ ရငွေတိုးလာသော်လည်း သုံးငွေတိုးလာမှုပမာဏက ပိုမိုများပြားပြီး ဘတ်ဂျက်လိုငွေတိုးမြင့်လာပါကြောင်း၊ ထို့ကြောင့် သုံးငွေတိုးလာရသည့် အဓိကအကြောင်းရင်းများ၊ မဖြစ်မနေတိုးမြှင့်သုံးစွဲရသည့် အသုံးစရိတ်များနှင့် ထပ်မံသုံးစွဲမည့်ငွေများမှ ရရှိလာမည့် အကျိုးရလဒ်များကို ရှင်းလင်းသုံးသပ်ရန် လိုအပ်ကြောင်း၊ ထို့ပြင် ဘတ်ဂျက်လိုငွေနှင့် GDP အချိုးတိုးလာမှုကို အလေးထားစိစစ်ရာ၌ လိုငွေဖြည့်ဆည်းသည့်နည်းလမ်း၊ ချေးငွေဝန်ထုပ်ဝန်ပိုး၊ အသုံးစရိတ်များ၏ အကျိုးရလဒ်နှင့် ငလျင်ကဲ့သို့သော သဘာဝဘေးကြောင့်ပြန်လည်ထူထောင်နေရမှုတို့ကိုပါ ဆက်စပ်ထည့်သွင်းစဉ်းစားသင့်ကြောင်း။

နှစ်အလိုက် ဘဏ္ဍာငွေအရအသုံး အကောင်အထည်ဖော်မှုကို လေ့လာရာတွင်လည်း ပမာဏသက်သက်ကိုသာမကြည့်ဘဲ မူလရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု၊ ဘဏ္ဍာငွေထိရောက်စွာ အသုံးချနိုင်မှုနှင့် ပြည်သူများ လက်တွေ့ရရှိသည့် အကျိုးရလဒ်တို့ကိုပါ သုံးသပ်ရန်နှင့် သုံးငွေတိုးနှုန်းက ရငွေတိုးနှုန်းထက် ပိုမိုမြင့်မားနေသဖြင့် အဓိကသုံးစွဲသည့်ကဏ္ဍများ၊ ရငွေတိုးတက်မှုနှင့် လိုက်လျောညီထွေရှိမှု၊ မျှော်မှန်းရလဒ်ရရှိမှုတို့ကို အသေးစိတ်စိစစ်ရန်လိုအပ်ကြောင်း၊ ထို့ပြင် ဘတ်ဂျက်လိုငွေတိုးလာမှု၏ အကြောင်းရင်းနှင့် နောင်လာမည့်ဘဏ္ဍာရေးနှစ်များအပေါ် သက်ရောက်နိုင်မှုကို ထည့်သွင်းစဉ်းစားရန်၊ ငွေလုံးငွေရင်းအသုံးစရိတ်တိုးလာမှုနှင့်အတူ စီမံကိန်းများအချိန်မီပြီးစီးမှု၊ သတ်မှတ်အရည်အသွေးနှင့်ကိုက်ညီမှုနှင့် ပြည်သူများအတွက် လက်တွေ့အကျိုးကျေးဇူးရရှိမှုတို့ကို အကဲဖြတ်ရန် လိုအပ်ကြောင်း၊ ကြွေးမြီရငွေ လျော့ကျသော်လည်း ကြွေးမြီဆိုင်ရာအသုံးစရိတ်တိုးလာမှုကို မှန်ကန်စွာ အဓိပ္ပာယ်ဖော်နိုင်ရန်အတွက် ကြွေးမြီအမျိုးအစား၊ ကြွေးမြီသစ်ရယူမှုနှင့် ပြန်လည်ပေးဆပ်မှု ဖွဲ့စည်းပုံကို ခွဲခြားသိရှိရန်နှင့် ကြွေးမြီအရင်းပြန်ဆပ်ငွေနှင့် အတိုးပေးငွေတို့ကို သီးခြားဖော်ပြပေးခြင်းဖြင့် ဘဏ္ဍာရေးအခြေအနေကို ပိုမိုရှင်းလင်းစွာ သုံးသပ်နိုင်မည်ဖြစ်ကြောင်း ဆွေးနွေးသည်။

**ကန်ကြီးထောင့် မဲဆန္ဒနယ်မှ ဒေါ်ခင်စောမူ** က ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်ပြုပြင်ပြီး ခန့်မှန်းခြေရငွေ၊ သုံးငွေများအပေါ် နှစ်ပတ်လည် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေအား လေ့လာကြည့်ရာတွင် ရငွေအပိုင်း၌ သာမန်ရငွေရရှိမှု ၉၉ ဒသမ ၉၇ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရရှိမှု ၇၆ ဒသမ ၄၂ ရာခိုင်နှုန်း၊ ကြွေးမြီရရှိမှု ၅၄ ဒသမ ၅၉ ရာခိုင်နှုန်းနှင့် စုစုပေါင်းရရှိမှု ၉၈ ဒသမ ၃၀ ရာခိုင်နှုန်းဖြစ်သည့်အတွက် လျာထားချက်နီးပါး အကောင်အထည်ဖော်နိုင်ခဲ့သည်ဟု သုံးသပ်ရရှိသော်လည်း ငွေလုံးငွေရင်းရငွေနှင့် ကြွေးမြီရငွေတို့တွင် လျာထားချက်မပြည့်မီခဲ့သည်ကိုတွေ့ရှိရကြောင်း၊ လျာထားသတ်မှတ်ထားသည့် ဝင်ငွေများအပြည့်အဝရရှိနိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် နယ်မြေတည်ငြိမ်အေးချမ်းရေး၊ ပြည်ပနိုင်ငံများနှင့် သဘောတူစာချုပ်များကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရေး၊ ကဏ္ဍအသီးသီးမှ အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းများ ပြည့်ဝအောင် ဆောင်ရွက်နိုင်ရေးနှင့် ခေတ်စနစ်နှင့် ကိုက်ညီသော ဝင်ငွေခွန်များရရှိအောင် ဆောင်ရွက်ရေး စသည်တို့အတွက် လက်တွေ့ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၁၀)မှ ဦးသန်းအေး(ခ) ဦးတင်ဦးက ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါအစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းအစီအစဉ်တို့ကို ဆက်လက်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆောင်ရွက်ရန်လျာထားပါကြောင်း အသိပေးကြေညာသသည်။

**စာမျက်နှာ ၄ သို့** ☆

☆ စာမျက်နှာ ၃ မှ

ယင်းနောက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် **ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက လွှတ်တော်** သို့ တင်သွင်းရာတွင် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ် အတွက် ထပ်မံခွင့်ပြုပေးမည့် ဖြည့်စွက်ခွင့်ပြုငွေများ အပါအဝင် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း(RE)ကို လည်း မူလခန့်မှန်းခြေငွေစာရင်း(BE)နှင့် နှိုင်းယှဉ် သုံးသပ်နိုင်ရန် ရေးဆွဲတင်ပြထားကြောင်း၊ ဖြည့်စွက် ခွင့်ပြုငွေ တောင်းခံမှုများအနက် ကုန်သွယ်လုပ်ငန်း ခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေ စသည့် နိုင်ငံတော်ကရရှိမည့် အသုံးစရိတ်များ၊ နိုင်ငံ့စီးပွား မြှင့်တင်ရေးနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရေး အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ တိုးတက် ရေးဆိုင်ရာ အသုံးစရိတ်များ၊ နိုင်ငံတော်၏ အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်း ဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ အသုံးစရိတ်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးအတွက် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ ဆိုင်ရာ အသုံးစရိတ်များ၊ ကုန်ထုတ်လုပ်မှု တိုးမြှင့်စေ ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း ပေါ်များစေရေး အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အသုံးစရိတ် များနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးမှုများ အတွက် ပြန်လည်ပြုပြင်ခြင်း အသုံးစရိတ်များကို ဦးစားပေး၍ ခွင့်ပြုရန် ဆောင်ရွက်ခဲ့ကြောင်း။

ထို့ပြင် အမှန်တကယ် ထပ်မံလိုအပ်သည့် လစာ စရိတ်၊ ပင်စင်၊ ကုန်ကြမ်း ဝယ်ယူခြင်း၊ ထုတ်လုပ်မှု စရိတ်၊ ပြည်ပအကူအညီရငွေများနှင့် ပြည်ပချေးငွေ များ ထပ်မံရရှိလာခြင်းကြောင့် လိုအပ်လာသည့် အသုံးစရိတ်နှင့် ပြည်ပချေးငွေအတွက် အရင်းနှင့် အတိုး ပေးဆပ်ငွေများကိုလည်း စိစစ်ခွင့်ပြုခဲ့ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး၊ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး၊ လမ်းပန်းဆက်သွယ် မှု တိုးတက်ကောင်းမွန်ရေး၊ လျှပ်စစ်မီးနှင့် ရေရရှိရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေ ရေး အသုံးစရိတ်များနှင့် သဘာဝဘေးအန္တရာယ်များ ကြောင့် ပျက်စီးမှုများအတွက် ပြန်လည်ပြုပြင်ရေး အသုံးစရိတ်များကို ဖြည့်စွက်ခွင့်ပြုငွေတွင် ဦးစားပေး ခွင့်ပြုခဲ့ခြင်းကြောင့် အသုံးစရိတ်များ ထပ်မံလိုအပ် သဖြင့် လိုငွေတိုးလာရခြင်းဖြစ်ပါကြောင်း သို့ဖြစ်ပါ၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာသည်။

ထို့နောက် တတိယအကြိမ် ပြည်ထောင်စု လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး သတ္တမနေ့ ကျင်းပ ပြုလုပ်မည့်နေ့ရက်ကို ကြိုတင်အသိပေးမည်ဖြစ် ကြောင်း သိရသည်။ **သတင်းအဖွဲ့**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အမိန့်ကြော်ငြာစာအမှတ် ၉၈ /၂၀၂၆ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**အမိန့်ကြော်ငြာစာအမှတ် ၉၈ /၂၀၂၆**
၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၆ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ နည်းဥပဒေ ၂၄ နည်းဥပဒေခွဲ(ဂ)နှင့် (ဃ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

“( ဂ ) ပါတီဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် အမည်စာရင်းပြောင်းလဲပါက ကော်မရှင်သို့ ၇ ရက်အတွင်း တင်ပြရမည်။

(ဃ) ပညာအရည်အချင်းကန့်သတ်ချက်မှအပ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အရည်အချင်းနှင့် ပြည့်စုံသူကိုသာ ပါတီနာယကနှင့် ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးရမည်။”

(ပုံ)သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပုသိမ်-ဟင်္သာတ ရထားလမ်းပိုင်းအတွင်း ရထားလမ်းများရေကျော်မှုကြောင့် ယာယီရပ်နားထားရသည့် ပုသိမ်-ဟင်္သာတ-ကြံခင်း အစုန်/အဆန် ရထားခရီးစဉ်များ ပုံမှန်ပြန်လည်ပြေးဆွဲလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၂၆ ခုနှစ် ဇူလိုင်လမှစ၍ မိုးသည်းထန်စွာရွာသွန်းပြီး လေးမျက်နှာ မြို့နယ်ရှိ ငဝန်မြစ်တာပေါင် ကျိုးပေါက်မှုကြောင့် ပုသိမ်-ဟင်္သာတ ရထားလမ်းပိုင်းရှိ ဒိုက်ပျက်ဘူတာ နှင့် ဇရပ်လှဘူတာအကြား၊ မိုင်တိုင်အမှတ်(၁၃၄/၆) မှ (၁၃၅/၅)အထိ ပေ ၅၀၆၀ ခန့်တွင် ရထားသံလမ်း ကွန်ကရစ်ဇလီဖားတုံးအခြေအထိ ရေများဝင်ရောက် ခဲ့ပြီး ၎င်းအနက် ပေ ၁၇၆၀ ခန့်တွင် ကွန်ကရစ် ဇလီဖားတုံးများနှင့် သံလမ်းအောက်ခြေအထိ ရေနစ်မြုပ်ခဲ့မှုကြောင့် ဩဂုတ် ၄ ရက်မှစတင်ပြီး ပုသိမ် - ဟင်္သာတ - ကြံခင်း အစုန်/အဆန် ရထား ခရီးစဉ်များ ယာယီဖျက်သိမ်းခဲ့ရသည်။




မြန်မာ့မီးရထားတာဝန်ရှိသူများက ရေဖုံးလွှမ်း နေသည့် လမ်းပိုင်းအတွင်းသို့ အချိန်နှင့်တစ်ပြေးညီ စစ်ဆေးဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၂၂ ရက်အထိ ပုသိမ်-ဟင်္သာတ လမ်းပိုင်း ဒိုက်ပျက်-ဇရပ်လှကြား မိုင်တိုင်(၁၃၃/၁၅-၁၃၅/၆)၌ ရေကျော်အမြင့်ဆုံး သံလမ်းမျက်နှာပြင် အထက်(၄ ပေ)နှင့် ဇရပ်လှ- ရေကြည်ကြား မိုင်တိုင်(၁၃၆/၁၁-၁၄၀/၁၇)၌ ရေကျော်အမြင့်ဆုံး သံလမ်းမျက်နှာပြင်အထက် (၈ ပေ ၉ လက်မ)ရေကျော်လျက်ရှိကြောင်း တွေ့ရှိခဲ့ရ ပြီး ဩဂုတ် ၂၂ ရက်မှစတင်၍ ရေများပြန်လည် ကျဆင်းခဲ့ရာ စက်တင်ဘာ ၂၆ ရက်တွင် ရထားလမ်း တာပေါင်များအောက်သို့ ရေကျဆင်းသွားခဲ့သည်။

ရေပြန်လည်ကျဆင်းချိန်တွင် ရေကျော်ခဲ့သော လမ်းပိုင်းများကို စက်တင်ဘာ ၁၃ ရက်မှစ၍ ရထားလမ်းပေါ်ရှိ အမှိုက်သရိုက်များ ရှင်းလင်း ဖယ်ရှားခြင်း၊ ရေတိုက်စားမှုကြောင့် ဖြစ်ပေါ်လာသော ရေစားချောက်များအား မြေကြီးနှင့် 6" x 9" ကျောက်ကြီးများဖြည့်တင်းခြင်း၊ ရေစီးဖြင့်မျောပါ သွားသော ကျောက်များအား ပြန်လည်ဆယ်တင်၍ လမ်းအတွင်းထည့်သွင်းခြင်း၊ လမ်းခင်းကျောက်များ ဖြည့်သွင်းခြင်း၊ သံလမ်းများထည့်သွင်းပြုပြင်ခြင်း၊ ရေကျော်လမ်းပိုင်းရှိတံတား လေးစင်းတို့တွင် တံတား ချဉ်းကပ်လမ်း၌ မြေကြီးနှင့် 6" x 9" ကျောက်ကြီး များဖြည့်တင်းခြင်း၊ တံတားတုံးလဲလှယ်ခြင်း၊ ရေနံချေး သုတ်ခြင်းနှင့် ချုပ်တန်းတပ်ဆင်ခြင်း၊ တံတားကြီးငယ် များ၏ ကမ်းကပ်ခုံနှင့် အုတ်မြစ်များ စစ်ဆေးခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ယခု အောက်တိုဘာ ၁၃ ရက်တွင် လုပ်ငန်းအားလုံး ပြီးစီးခဲ့မှုကြောင့် ရေကျော်လမ်းပိုင်းများဖြစ်သော ဒိုက်ပျက်-ဇရပ်လှနှင့် ဇရပ်လှ-ရေကြည် လမ်းပိုင်းတို့ ကို အောက်တိုဘာ ၁၄ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ယမန်နေ့ အောက်တိုဘာ ၁၅ ရက်မှစတင်၍ အမှတ်(၁၈၁)အဆန်/ (၁၈၂)အစုန် ပုသိမ်-ဟင်္သာတ- ကြံခင်း လူစီးအမြန်ရထားခရီးစဉ်များ ပုံမှန်ပြန်လည် ပြေးဆွဲလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

**✳ သီတင်းကျွတ်မှ**

စီးနင်းမှုများပြားသဖြင့် သီတင်းကျွတ် ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်စေရေးအတွက် ရန်ကုန်-နေပြည်တော်-ရန်ကုန်၊ ရန်ကုန်- မော်လမြိုင်-ရန်ကုန်နှင့် ရန်ကုန်-ပြည်-ရန်ကုန် ခရီးစဉ်များကို ပုံမှန်ရထားများအပြင် အထူးရထားများအား အောက်ပါနေ့ရက်များအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်-

| စဉ် | နေ့ရက် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|---|
| | | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | ၂၃-၁၀-၂၀၂၆ | အဆန်အထူး(AAR) | ရန်ကုန် | မော်လမြိုင် | ၀၈:၀၀ | ၁၆:၄၅ |
| ၂ | ၂၄-၁၀-၂၀၂၆ | အစုန်အထူး(DEMU) | နေပြည်တော် | ရန်ကုန် | ၀၇:၀၀ | ၁၂:၀၀ |
| ၃ | ။ | အဆန်အထူး(လေအိတ်) | ရန်ကုန် | ပြည် | ၁၃:၀၀ | ၂၀:၅၅ |
| ၄ | ။ | အစုန်အထူး(လေအိတ်) | ပြည် | ရန်ကုန် | ၂၂:၃၀ | ၀၆:၃၀ |
| ၅ | ။ | အဆန်အထူး(လေအိတ်) | ရန်ကုန် | မော်လမြိုင် | ၀၈:၀၀ | ၁၆:၄၅ |
| ၆ | ။ | အစုန်အထူး(AAR) | မော်လမြိုင် | ရန်ကုန် | ၀၆:၃၀ | ၁၅:၄၀ |
| ၇ | ၂၇-၁၀-၂၀၂၆ | အဆန်အထူး(DEMU) | ရန်ကုန် | နေပြည်တော် | ၁၃:၀၀ | ၁၈:၀၀ |
| ၈ | ။ | အဆန်အထူး(လေအိတ်) | ရန်ကုန် | ပြည် | ၁၃:၀၀ | ၂၀:၅၅ |
| ၉ | ။ | အစုန်အထူး(လေအိတ်) | ပြည် | ရန်ကုန် | ၂၂:၃၀ | ၀၆:၃၀ |
| ၁၀ | ၂၇-၁၀-၂၀၂၆ | အဆန်အထူး(AAR) | ရန်ကုန် | မော်လမြိုင် | ၀၈:၀၀ | ၁၆:၄၅ |
| ၁၁ | ။ | အစုန်အထူး(လေအိတ်) | မော်လမြိုင် | ရန်ကုန် | ၀၆:၃၀ | ၁၅:၄၀ |
| ၁၂ | ၂၈-၁၀-၂၀၂၆ | အစုန်အထူး(AAR) | မော်လမြိုင် | ရန်ကုန် | ၀၆:၃၀ | ၁၅:၄၀ |

အထက်ပါနေ့ရက်များအလိုက် ထပ်မံတိုးချဲ့ပြေးဆွဲပေးမည့် အထူးရထားများ၏ လက်မှတ်ခနွှန်းထား နှင့် ရပ်တန့်မည့်ဘူတာများမှာ နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် ရထားများအတိုင်းဖြစ်ကြောင်းနှင့် ရထား စီးခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် ရန်ကုန်-မန္တလေး လမ်းပိုင်းတွင် အမှတ်(၁၁)အဆန်/(၁၂)အစုန်လူစီးအမြန်ရထား၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းတွင် အမှတ် (၈၁)အဆန်/(၈၂)အစုန်လူစီးအမြန်ရထား၊ ရန်ကုန်-ပြည်လမ်းပိုင်းတွင် အမှတ်(၇၁)အဆန်/(၇၂)အစုန် လူစီး အမြန်ရထားနှင့် ရန်ကုန်-ပျဉ်းမနား-ပုဂံလမ်းပိုင်းအတွင်း ပြေးဆွဲနေသော အမှတ်(၆၁)အဆန်/(၆၂)အစုန် လူစီးအမြန်ရထားတို့တွင် လူစီးတွဲများထပ်တိုး၍ ဝန်ချိန်ပြည့် ချိတ်ဆက်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း၊ ရထားလက်မှတ်များကို Online မှ လက်မှတ်ရောင်းချခြင်းနှင့် ငွေပေးချေခြင်း(Online Railway Ticketing and Payment System – ORTP) စနစ်ဖြင့် ကြိုတင်ဝယ်ယူနိုင်ပြီး ခရီးစဉ်အစအဆုံးဘူတာများအတွက် ခုနစ်ရက်နှင့် ကြားဘူတာများအတွက် ငါးရက် ကြိုတင်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**❖ ဝါသီးနှံမှ**

တိုင်းဒေသကြီးဝန်ကြီးများသည် မုံရွာ မြို့နယ်အတွင်းရှိ ကျေးရွာ ၁၂ ရွာမှ ဝါစိုက် တောင်သူ ၁၂၀ နှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ် က ဝါသီးနှံများ အလေအလွင့်မရှိစေရေး အတွက် ဝါသီးနှံများခူးဆွတ်သည့်အချိန် နှင့် ရိတ်သိမ်းချိန်များတွင် ဝါအရည်အသွေး ကောင်းမွန်ရေး စနစ်တကျ ခူးဆွတ် ရိတ်သိမ်းသွားကြရန် လိုအပ်ကြောင်း၊ ဝါသီးနှံတစ်ဧကလျှင် ပိဿာ ၇၀၀ မှ ၁၀၀၀ အထိ ထွက်ရှိရေးအတွက် တာဝန် ရှိသူများက မြေပြင်အထိကွင်းဆင်းကာ ကူညီဆောင်ရွက်ပေးသွားကြရန်လိုအပ် ကြောင်း၊ ဓာတ်မြေဩဇာများ၊ လယ်ယာသုံး စက်မောင်းဆီများကိုလည်း ဈေးနှုန်း သက်သာစွာဖြင့် တောင်သူများလက်ဝယ် အရောက် ဈေးနှုန်းမှန်ကန်သက်သာစွာ ရောင်းချပေးနေကြောင်း၊ စိုက်ခင်းများ အတွင်း စိုက်ပျိုးရေရရှိစေရေး၊ ထွက်ရှိ သည့် ဝါများ ဈေးကောင်းရရှိရေးတို့ အတွက်လည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတု အပူချိန်မြင့်တက်မှုဖြစ်ပေါ်ပါက စိုက်ပျိုးရေများကိုလည်း စနစ်တကျ အသုံးပြု စိုက်ပျိုးသွားကြရန် လိုအပ် ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကွင်းအမှတ်(၆၆၅) စိုက်ကေ လေးကေအတွင်း RaKa 666 အထွက်ကောင်း ချည်မျှင်ရှည်ဝါစိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအား ပေးကြပြီး လိုအပ်သည်များကို တာဝန် ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး (၆၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ၂၀၂၆ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်

**နေပြည်တော် အောက်တိုဘာ ၁၆**

(၆၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ၂၀၂၆ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်အားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်နီလာ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသား အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ တပ်မတော်ဘောလုံး အကယ်ဒမီကျောင်းမှ သင်တန်းသားများ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ၂၀၂၆ ခုနှစ်၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲအလွတ်တန်းအဆင့် ဗိုလ်လုပွဲအဖြစ် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် အသင်းများဖြစ်ကြသည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ ပထမပိုင်း ပွဲကစားချိန်အပြီးနာကျင်အချိန်ပို ၂ မိနစ်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းကို ဦးဆောင်ဂိုး စတင်သွင်းယူနိုင်ခဲ့သည်။

ဆက်လက်၍ ပွဲချိန်ဒုတိယပိုင်းကို အကြိတ်အနယ် ဆက်လက်ယှဉ်ပြိုင်ကစားကြရာ ပွဲကစားချိန် ၅၄ မိနစ်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ဒုတိယ ဦးဆောင်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့သဖြင့် ပွဲပြီးဆုံးချိန်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းကို ၂ ဂိုး-ဂိုးမရှိ ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြုအသင်းအား တံခွန်စိုက်ဒိုင်း(ပထမဆု)နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် ၂၀၂၆ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပပြုလုပ်ရာ အစီအစဉ်အရ တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းအဖွဲ့နှင့်အတူ စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့၊ အားကစားအသင်း ၁၇ သင်းမှ အားကစားသမားများ၊ တံခွန်စိုက်ဒိုင်းဆုရရှိသည့် အသင်းများမှ အုပ်ချုပ်သူနည်းပြများနှင့် အားကစားသမားများ၊ ဆုရရှိကြသည့် ဘောလုံးအသင်းများက ဇေယျာသီရိတပ်မတော် အားကစားကွင်းအတွင်း ဝင်ရောက်နေရာယူကြသည်။

ယင်းနောက် ဆုများပေးအပ်ချီးမြှင့်ကြရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲတွင် နေရာအလိုက် အကောင်းဆုံးဆုရရှိကြသူများ၊ အသန့်ရှင်းဆုံးဆုရရှိသည့်အသင်းနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆု ရရှိကြသည့် အားကစားသမားများအား စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်မျိုးတင်ကလည်းကောင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲတွင် တတိယဆု ရရှိသည့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းကလည်းကောင်း၊ဒုတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး ပြည့်စုံလင်းကလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းဝင်းက တစ်ဦးချင်း ဆုတံဆိပ်များ၊ ပထမဆုဖလား၊ ဆင့်ပွားဖလားနှင့် ငွေသားဆုများကိုလည်းကောင်း၊ ၂၀၂၆ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစား ပြိုင်ပွဲများတွင် ရွှေတံဆိပ်(၃၃)ခု၊ ငွေတံဆိပ်(၃၁)ခုနှင့် ကြေးတံဆိပ် (၄၆)ခုဖြင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်း တတိယဆု ရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းက တံခွန်စိုက်ဒိုင်း (တတိယဆု) နှင့် ငွေသားဆုများကိုလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ၂၀၂၆ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစား ပြိုင်ပွဲများတွင် ရွှေတံဆိပ်(၃၇)ခု၊ ငွေတံဆိပ် (၅၀) နှင့် ကြေးတံဆိပ် (၆၃) ခုဖြင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်း ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား တံခွန်စိုက်ဒိုင်း(ဒုတိယဆု)နှင့် ငွေသား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက ၂၀၂၆ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် (၅၇) ခု၊ ငွေတံဆိပ် (၅၀)နှင့် ကြေးတံဆိပ်(၄၇)ခုဖြင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်း ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)ကိုယ်စားပြုအသင်းအား တံခွန်စိုက်ဒိုင်း(ပထမဆု)နှင့် ငွေသား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားအပြီးတွင် စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့၊ အားကစားအသင်း (၁၇) သင်းနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းအဖွဲ့တို့က စစ်ကြောင်းပုံဖြင့် ချီတက်၍ လက်ဝှေ့ရမ်းနှုတ်ဆက်ပြီး ဇေယျာသီရိတပ်မတော် အားကစားကွင်းအတွင်းမှပြန်လည် ထွက်ခွာကြရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ၊ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ပြန်လည်လက်ပြနှုတ်ဆက်ကြသည်။

ထိုသို့ ချီတက်ထွက်ခွာနေချိန်တွင် (၆၃)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဖလား (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲနှင့် ၂၀၂၆ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစား ပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မီးရှူး၊ မီးပန်းများကို ဂုဏ်ပြုပစ်ဖောက်ခဲ့ပြီး အခမ်းအနားကို အောင်မြင်စွာ ပိတ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **၁၀၀**



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းအား တံခွန်စိုက်ဒိုင်း(ဒုတိယဆု)နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်စဉ်။

**■ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးမှ**

ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားကာ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများသည် လက်ဝှေ့အားကစားသမားများ၏ ဝိတ်တန်းအမျိုးအစားအလိုက် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

**❍ ဒဂုံစင်တာမှ**

ကပြဖျော်ဖြေသည့် သရုပ်ဆောင်ပြိုင်ပွဲအစီအစဉ်များအပြင် အခြားဖျော်ဖြေရေး အစီအစဉ်ပေါင်းများစွာလည်း ပါဝင်မည်ဖြစ်သည်။

The Street Event Organizer က စီစဉ်ကျင်းပသော "မီးထွန်းပွဲည" အထူးဈေးရောင်းပွဲတော်ကြီးကို Times City Yangon Outdoor Area ၌ အောက်တိုဘာ ၂၃ ရက်မှ ၂၇ ရက်အထိ ငါးရက်တိုင်တိုင် စည်ကားပျော်ရွှင်စွာ ကျင်းပသွားမည်ဖြစ်ကာ ဆိုင်ခန်းပေါင်း ၁၄၀ ကျော် ပါဝင်မည့်အပြင် အစားအသောက်၊ ဖက်ရှင်၊ လူသုံးကုန်နှင့် စိတ်ဝင်စားစရာပစ္စည်းမျိုးစုံကို တစ်နေရာတည်းတွင် ကြည့်ရှုနိုင်မည်ဖြစ်သည်။

အဆိုပါပွဲတော်တွင် မီးရောင်စုံအလှဆင်မှုများ၊ အမှတ်တရ Photo Spots များ၊ Magic Shows၊ ဆီမီးအကအလှများနှင့်အတူ Live Music & Entertainment အစီအစဉ်ကောင်းများကိုလည်း နေ့ရက်အလိုက် စီစဉ်တင်ဆက်သွားမည်ဖြစ်သည်။

အလားတူ အင်းယားလမ်းရှိ Golden Inya Island တွင်လည်း "သီတင်းကျွတ် အင်းယားည" ပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်၍ Vendor Booth နေရာများ ကြိုတင်စာရင်းပေးသွင်းရန် အသိပေးထားကြောင်း သိရသည်။ **TWA**

# ကိုယ်ပိုင်မူဟန် စိုက်ထူပြန်သည့် ယဉ်ကျေးမှုအသိနှင့် အနုပညာအနှစ်

မိုးကေနိုင်

ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံ၊ ဘယ်လူမျိုးမဆို မိမိတို့ကိုယ်ပိုင် အနုသုခုမယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ လူမှုအမူအကျင့်၊ ဝတ်စားဆင်ယင်မှု၊ မိခင်ဘာသာစကား၊ စာပေသမိုင်းကြောင်းတွေကို အလေးအနက်တန်ဖိုးထားလေ့ရှိကြတယ်။ နိုင်ငံတစ်နိုင်ငံ လူ့အဖွဲ့အစည်းတစ်ခုရဲ့ ဘုံစံတန်ဖိုးတွေဖြစ်တဲ့အပြင် ဂုဏ်ယူစရာသမိုင်းအမွေအနှစ်တွေအဖြစ် မျိုးဂုဏ်မြင့်မားစေတဲ့အတွက် ဖြစ်ပါတယ်။ အလားတူ မြန်မာနိုင်ငံမှာ မြန်မာလူမျိုးရယ်လို့ မော်ကြွားနိုင်တဲ့ ထို - ထိုလက္ခဏာရပ်တွေကို သမိုင်းစဉ်ဆက်ပိုင်ဆိုင်ထားတဲ့အတွက်ကြောင့်လည်း ကမ္ဘာ့အလယ်မှာ မြန်မာနိုင်ငံ၊ မြန်မာလူမျိုးရယ်လို့ အမြဲဂုဏ်ယူစရာဖြစ်ခဲ့ကြရတယ်။




## မြန်မာတို့ရဲ့ ယဉ်ကျေးမှုတန်ဖိုးများ

မြန်မာတို့ရဲ့ထိုတန်ဖိုးတွေက သမိုင်းကြောင်း အရှည်ကြီးရှိခဲ့ပြီး ယခုအချိန်အထိလည်း ခိုင်ခံ့တည်တံ့ဆဲပါ။ ဘိုးဘွားမိဘအဆက်ဆက်က ခြေရာလက်ရာမပျက် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့တာကြောင့်ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ မြန်မာတို့ရဲ့ ထိုတန်ဖိုးတွေဟာ ယခုအခါမှာ တဖြည်းဖြည်း ယုတ်လျော့ကျဆင်းနေပြီလား။ ထင်မြင်စရာ အကြောင်းတရားတွေကလည်း ရှိလာနေပြီဖြစ်တယ်။ အချိန်မီချုပ်မှ အစုတ်သက်သာမယ့်အထဲမှာ ထိုအရေးကြီးတဲ့တန်ဖိုးတွေ အဓိကပါဝင်နေပါတယ်။

ယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားစတာတွေ ယုတ်လျော့ပျက်စီးရခြင်း အကြောင်းတရားများစွာမှာ အချို့သောအကြောင်းတရားများစွာကြောင့် ပျက်စီးလုနီး ဦးတည်နေတာ တွေ့ရတယ်။ မြန်မာနိုင်ငံဟာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဆိုတဲ့ လူမျိုးပေါင်းစုံတို့စုဝေးရာ အသိုက်အဝန်းကြီးဖြစ်ပြီး လူမျိုး၊ လူမျိုးစုအသီးသီးတို့ရဲ့ ယဉ်ကျေးမှုတွေ ပေါင်းစည်းနေထိုင်ရာ Multiculturalism အစုအဝေးတစ်ခုလည်း ဖြစ်ပါတယ်။ ဒါကြောင့် မိမိယဉ်ကျေးမှု၊ မိမိလူမျိုးသမိုင်းကြောင်း ပျက်စီးရာပျက်စီးကြောင်း အကြောင်းတရားတွေ မဖန်တီးမိဖို့၊ မြန်မာ့ယဉ်ကျေးမှု ဘာသာတရားမပျောက်ပျက် မပျက်စီးအောင် မိမိတို့မှာ အထူးတာဝန်ရှိပါကြောင်း ခံယူထားရမှာဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးမှာ ထိုမျှအရေးကြီးတဲ့ ယဉ်ကျေးမှုတန်ဖိုးကို ဘာကြောင့် ထိန်းသိမ်းစောင့်ရှောက်သင့်ပါသလဲ..ဆိုရင် ထိုနိုင်ငံရဲ့ အမျိုးသားရေးလက္ခဏာအသွင်အပြင်မှာ ထိုလူမျိုးရဲ့ တန်ဖိုး၊ ထိုနိုင်ငံသားတို့ရဲ့စရိုက်၊ အမှတ်သညာ၊ အသက်ဝိညာဉ်တွေက ကပ်ငြိယှဉ်တွဲနေလို့ပါပဲ။ အထူးသဖြင့် မြန်မာတိုင်းရင်းသားအားလုံးရဲ့ ချစ်စရာကောင်းတဲ့ ယဉ်ကျေးမှုတွေဟာ ချစ်ခင်ရင်းနှီးမှု၊ ပျူငှာဖော်ရွေမှု၊ စေတနာသဒ္ဓါတရား၊ ရိုးသားမှု၊ ပျော်ရွှင်ကြည်နူးဖွယ်တွေနဲ့ ဆက်စပ်နေခြင်းကြောင့်လည်း ဖြစ်ပါတယ်။

မြန်မာ့ယဉ်ကျေးမှုမှာ မူပိုင်အလှ၊ ကိုယ်ပိုင်ဟန်ပန်၊ မြင့်မားတဲ့အတွေးအခေါ်နဲ့ အသိပညာ၊ စိတ်နေသဘောထား၊ လူနေမှုပုံစံ၊ ဘာသာစကားအဆုံးအမများစွာမှာ ထူးခြားမှုတစ်သီကြီးနဲ့ အလှကိုယ်စီရှိနေတယ်။ အစဉ်အလာကောင်းခဲ့တဲ့ လူ့အဖွဲ့အစည်းတွေကို မတူကွဲပြားခြားနားတဲ့ ယဉ်ကျေးမှုတွေနဲ့ ပေါင်းစပ်တည်ဆောက်ထားနိုင်ခြင်းကြောင့်လည်း ဖြစ်တန်ရာတယ်။ တစ်ဦးနဲ့တစ်ဦး ခံစားချက်ချင်းနီးစပ်ဖို့က ယဉ်ကျေးမှုချင်း ဂဟေဆက်နိုင်မှသာ ပိုပြီးထိရောက်မှုရှိမှာမဟုတ်လား။ ဒါကြောင့် လူ့အဖွဲ့အစည်းတစ်ခုဟာ ယဉ်ကျေးမှုနဲ့ကင်းကွာပြီး မဖြစ်နိုင်သလို ယဉ်ကျေးမှုမဲ့တဲ့ လူမျိုးမှာ သမိုင်းလည်းမရှိနိုင်ဘူးဆိုတာ သိထားရမယ့်အချက်ပဲ။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုး **အသီးသီးရဲ့ အဆို၊ အက၊ အရေး၊ အတီး၊ စာပေ၊ ပန်းချီ စတဲ့ အနုသုခုမပညာတွေဟာ ရှေးကျပေမယ့် အဆင့်မြင့်မားလွန်းတာတွေ့ရပြီး ခေတ်အဆက်ဆက် တန်ဖိုးထားခံရခြင်းဟာ ဘာသာတရားရဲ့ လွှမ်းမိုးမှုနဲ့အတူ ကုသိုလ်အရေးအရာတွေနဲ့လည်း တွဲစပ်နေခြင်းကြောင့်ဆိုတာ မမေ့သင့်ဘူး။ အကျိုးဆက်က ဝတ်စားဆင်ယင်မှုကအစ ရမ်းကားမှုမရှိ၊ ဟော့သွမ်းမှုမရှိ၊ ယဉ်ယဉ်ကျေးကျေးနဲ့ နူးညံ့သိမ်မွေ့လှတဲ့ မြန်မာတို့ရဲ့ ယဉ်ကျေးမှုအလှတရားတွေကို ပိုင်ဆိုင်ခွင့် ရလိုက်တာပါပဲ။**

## ပျိုးထောင်ရမယ့် အနုပညာချစ်စိတ်

ဒါပေမဲ့ ဒီလိုတန်ဖိုးထားထွန်းကားခဲ့တဲ့ ယဉ်ကျေးမှုအဆင့်အတန်းကို ထိန်းသိမ်းစောင့်ရှောက်နေတဲ့ကြားက ဆုတ်ယုတ်မသွားအောင်၊ မြင့်သည်ထက်မြင့်နေအောင် ယခုအခါမှာတော့ မနည်းကြိုးပမ်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေရပါပြီ။ သိတဲ့အတိုင်း ယဉ်ကျေးမှုပျောက်ရင် လူမျိုးပါပျောက်ကွယ်တယ်ဆိုတဲ့ သဘောတရားကို လျစ်လျူမရှုမိဖို့ လိုနေပါတယ်။ မြန်မြန်ဆန်ဆန် ပြောင်းလဲနေတဲ့ခေတ်ကြီးမှာ ယဉ်ကျေးမှုနဲ့ပတ်သက်ရင် ယနေ့လူငယ်တွေ အတွေးအခေါ်ကအစ လွဲလို့မဖြစ်ပါ။

ယဉ်ကျေးမှု အနုပညာအစိတ်အပိုင်းတစ်ခုစီနဲ့ပတ်သက်ပြီး အသိအတတ်ပညာရပ်တွေ နားလည်တတ်မြောက်ထားသင့်ပါတယ်။ အနုပညာအခြေခံနဲ့ အနုပညာချစ်မြတ်နိုးစိတ်ကို စာသင်ကျောင်းမှာကတည်းက ပျိုးထောင်ပေးထားသင့်တယ်။ ကလေးသူငယ်အရွယ်ကစပြီး အနုပညာတစ်ခုခုမှာ ဝါသနာပါနေအောင်၊ မြန်မာ့ရိုးရာအနုပညာကို မြတ်နိုးခင်မင် တွယ်တာစိတ်ဖြစ်နေအောင် ပညာပေးနှိုးဆော်ထားသင့်ပါတယ်။

မိမိယဉ်ကျေးမှုသမိုင်းကြောင်းကအစ သိနားလည်ထားဖို့ လိုအပ်သလို ကမ္ဘာ့နိုင်ငံတွေနဲ့ လူမျိုးအသီးသီးကကော သူတို့ယဉ်ကျေးမှုကို ဘယ်လိုတန်ဖိုးထားကြသလဲ၊ ဘယ်လိုထိန်းသိမ်းကာကွယ် စောင့်ရှောက်နေကြသလဲ၊ တိုင်းတစ်ပါးယဉ်ကျေးမှု ဘယ်လိုဝင်လာလာ မိမိယဉ်ကျေးမှုကို မပျောက်အောင်၊ အရိုးပေါ်အရွက်မဖုံး ဘယ်လိုအတုယူပေါင်းစပ်ဖန်တီးနေကြသလဲ၊ သင်ခန်းစာယူဖို့ကောင်းတဲ့ ခွဲခြမ်းစိတ်ဖြာအသိတွေကို ဖတ်မှတ်မြင်သိခြင်းကတစ်ဆင့် လိုက်နာသင့်ကြပါတယ်။ **တိုင်းတစ်ပါးယဉ်ကျေးမှု ဝါးမျိုမခံရအောင် နိုးနိုးကြားကြား သတိရှိသင့်ကြောင်း တွေ့ရပါမယ်။**

## ဖန်တီးမှုအသစ်တွေနဲ့ ကိုယ်ပိုင်မူဟန်ဖြစ်ဖို့

နိုင်ငံသားအားလုံးဟာ မိမိတို့စာပေ၊ မိခင်ဘာသာစကား၊ ကိုယ်ပိုင်အနုပညာကို တိုင်းတစ်ပါးတို့နဲ့တွေ့ရင် ဂုဏ်ယူစွာနဲ့ ထုတ်ဖော်ပြသနိုင်စွမ်းရှိရပါမယ်။ အတိတ်ကာလက အနုပညာရှင်ကြီးတွေဟာ မြန်မာ့အနုပညာကို ကမ္ဘာအနှံ့ဖြန့်ကြက်နိုင်စွမ်းရှိခဲ့တဲ့အတွက် ကမ္ဘာ့အလယ်မှာ ဂုဏ်ယူစရာ ဝင့်ကြွားစရာဖြစ်ခဲ့ဖူးတယ်။ ယခုအချိန်မှာတော့ တိုင်းတစ်ပါးယဉ်ကျေးမှုကသာ မိမိနိုင်ငံ၊ မိမိလူ့အဖွဲ့အစည်းအတွင်း စိမ့်ဝင်ထိုးဖောက်နေတဲ့ အနေအထားဖြစ်နေတယ်။ အထူးသဖြင့် ယဉ်ကျေးမှုကိုယ်ခံအားနည်းတဲ့ လူငယ်တွေမှာ ပိုပြီးတိုက်စားခံရတဲ့ အနေအထားရောက်နေတယ်။

ယဉ်ကျေးမှုချင်း ရောပွမ်းပေါင်းစပ်ရာကနေ ဝါးမျိုခံရမယ့်အနေအထားအထိ စိုးရိမ်စရာဖြစ်လာတယ်။ မိမိတို့ရဲ့လူမှုစနစ်၊ ဘာသာတရား၊ မင်္ဂလာတရားတွေနဲ့ကိုက်ညီမှု ရှိ၊ မရှိ ကွဲကွဲပြားပြား ခွဲခြားနိုင်စွမ်းရှိသင့်တယ်လို့ ယူဆပါတယ်၊ အထူးသဖြင့် လူငယ်တွေအတွက်ပါ။ ယဉ်ကျေးမှုနဲ့ပတ်သက်ရင် အလေးအနက်ထား သတိပြုရမယ့် လိုအပ်ချက်များစွာနဲ့ ဆက်လက်ပြုပြင်ရမယ့်အချက်များစွာ ရှိနေကြောင်း လက်ခံရမှာဖြစ်ပါတယ်။

## တိုင်းရင်းသားတို့ရဲ့ အနုပညာ အမြဲတမ်းပွဲထုတ်ပေးနေ

ပိုပြီးကောင်းလာမယ်၊ တီထွင်ဖန်တီးဆန်းသစ်မှုရှိပြီး ခေတ်မီတဲ့ယဉ်ကျေးမှုဖြစ်မယ်၊ တိုးတက်မှုဆီ ရှေးရှုမယ်ဆိုရင်တော့ ပေါင်းစပ်သင့်ပေါင်းစပ်ရမယ်၊ ဖလှယ်သင့်ဖလှယ်ရပါမယ်။ ပေါင်းစပ်တယ်ဆိုတာ ပုံတူကူးချခြင်းကိုမဆိုလို၊ သူ့ယဉ်ကျေးမှုဆီက မိမိတို့ရိုးရာနဲ့လိုက်ဖက်တာကိုယူမယ်၊ အသစ်တီထွင်ဖန်တီးပြီး မိမိကိုယ်ပိုင်ဟန်ဖြစ်အောင်လုပ်တာပါပဲ။ **ဒါပေမဲ့ အမျိုးသားရေးကြန်အင် ထိခိုက်တဲ့အထိတော့ ခွင့်မပြုသင့်ဘူး။ တကယ်တော့ ဂုဏ်ထူးဝိသေသအထူးရှိတဲ့ မြန်မာ့ယဉ်ကျေးမှုဟာ ဂုဏ်ယူစရာအပြည့်ရှိပြီးသား ဖြစ်ပါတယ်။**

နိုင်ငံခြားသားတွေ ကိုယ်တိုင်က မြန်မာ့အနုပညာကို လေးလေးစားစား တန်ဖိုးထားပြီးသားပါ။ မိမိတို့ကိုယ်တိုင်ကသာ မိမိတို့အနုပညာကို တန်ဖိုးထားဂုဏ်ယူတတ်ဖို့ လိုအပ်နေတာ။ သူတို့က အနုပညာကို ပညာမျက်စိနဲ့ တန်ဖိုးဖြတ်တတ်ကြတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ယဉ်ကျေးမှု၊ အနုသုခုမတို့ဟာ နိုင်ငံရဲ့ မျိုးချစ်စိတ်၊ လူမျိုးချစ်စိတ်၊ ပညာရေးချိန်၊ နိုင်ငံရေး၊ စီးပွားရေးကိုယ်ခံစွမ်းအားတွေနဲ့လည်း ဆက်စပ်နေပါတယ်။ မျိုးချစ်စိတ်ကင်းမဲ့ခြင်းဟာ ယဉ်ကျေးမှုအလှအပတွေရဲ့တန်ဖိုးကို ယုတ်လျော့သွားစေသလို နိုင်ငံသားတို့ရဲ့ဇာတိမာန်ကို ရိုက်ချိုးချင်ရင် ယဉ်ကျေးမှုကို ဦးစွာဖျက်ဆီးလေ့ရှိကြတယ်ဆိုတာ နားလည်ထားဖို့လိုပါတယ်။

ဒါကြောင့်လည်း အမျိုးသားအဆင့် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွေကို နှစ်စဉ်အလေးအနက်ထားကျင်းပပေးနေတာ ဖြစ်ပါတယ်။ နိုင်ငံတည်ငြိမ်အေးချမ်းရေးမှာ အထောက်အကူပြုတဲ့ ကဏ္ဍတစ်ရပ်အဖြစ်လည်း အသိအမှတ်ပြုထားပါတယ်။

ခေတ်အဆက်ဆက် တတ်နိုင်သမျှ ဒီလိုမှ မဆောင်ရွက်ဘူးဆိုရင် အနာဂတ် မြန်မာ့ယဉ်ကျေးမှု အလားအလာနဲ့ အမျိုးသားရေးစရိုက်ဟာ စိုးရိမ်ဖွယ်ရာ အနေအထား ဆိုက်ရောက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း မြန်မာ့ရိုးရာ အက၊ ဂီတ၊ စာပေပညာတွေ မပျောက်အောင် စဉ်ဆက်မပြတ်ထိန်းသိမ်းနေရခြင်း ဖြစ်ပါတယ်။ ဒီလိုပြိုင်ပွဲကြီးတွေကမှ လေးစားအားကျဖွယ် သမ္ဘာရင့်ဝါရင့် အနုပညာရှင်ကြီးတွေနဲ့ လူငယ်မျိုးဆက်သစ်တွေအကြား လက်ဆင့်ကမ်းချိတ်ဆက်ပေးနိုင်မှာ အနုပညာသွေးသစ် လောင်းနိုင်မှာ ဖြစ်ပါတယ်။

ခေတ်အဆက်ဆက် အနုပညာရှင် ဆရာကြီး ဆရာမကြီးအများစုဟာ အမျိုးသားရေး အနုပညာရှင်တွေအဖြစ် ထင်ရှားကျော်ကြားခဲ့ကြပြီး သူတို့ရဲ့ ထက်သန်တဲ့မျိုးချစ်စိတ်က လေးစားအားကျ အတုယူဖွယ်ရာဖြစ်ခဲ့ပါတယ်။ ရှေးခေတ်ပညာရှင်ကြီးတွေရဲ့ အနုသုခုမ အရည်အသွေးက ဇာတိသွေး ဇာတိမာန်ကို နှိုးဆွပေးနိုင်စွမ်းရှိခဲ့ပြီး အမျိုးသားရေးနဲ့ညီညွတ်မှု စိတ်ဓာတ်တွေ ထက်သန်စေတာလည်း တွေ့ရတယ်။

ဒါကြောင့်လည်း ယခုနှစ်ပြိုင်ပွဲမှာ တိုင်းရင်းသားတွေရဲ့ ရိုးရာတူရိယာပစ္စည်းတွေကိုပေါင်းစပ်ပြီးမှ တိုင်းရင်းသားဘာသာစကားနဲ့ရေးစပ်ထားတဲ့ ဂီတ အနုသုခုမနဲ့ စာမျက်နှာ ၇ သို့ ❁

> ❛ပိုပြီးကောင်းလာမယ်၊ တီထွင်ဖန်တီးဆန်းသစ်မှုရှိပြီး ခေတ်မီတဲ့ယဉ်ကျေးမှုဖြစ်မယ်၊ တိုးတက်မှုဆီ ရှေးရှုမယ်ဆိုရင်တော့ ပေါင်းစပ်သင့်ပေါင်းစပ်ရမယ်၊ ဖလှယ်သင့်ဖလှယ်ရပါမယ်။ ပေါင်းစပ်တယ်ဆိုတာ ပုံတူကူးချခြင်းကိုမဆိုလို၊ သူ့ယဉ်ကျေးမှုဆီက မိမိတို့ရိုးရာနဲ့လိုက်ဖက်တာကိုယူမယ်၊ အသစ်တီထွင်ဖန်တီးပြီး မိမိကိုယ်ပိုင်ဟန် ဖြစ်အောင်လုပ်တာပါပဲ။ ဒါပေမဲ့ အမျိုးသားရေးကြန်အင် ထိခိုက်တဲ့အထိတော့ ခွင့်မပြုသင့်ဘူး။ တကယ်တော့ ဂုဏ်ထူးဝိသေသ အထူးရှိတဲ့ မြန်မာ့ယဉ်ကျေးမှုဟာ ဂုဏ်ယူစရာအပြည့်ရှိပြီးသားဖြစ်❜

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၁၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၆**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) (၁၁)နှစ်မြောက် နှစ်ပတ်လည် နေ့အထိမ်းအမှတ် **“ငြိမ်းချမ်းရေး၊ လူမှုသဟဇာတ ဖြစ်ရေးမှ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့”** အလုပ်ရုံဆွေးနွေး ပွဲကို နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ ဆက်လက်ကျင်းပသည်။



အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်း ရေးကော်မတီဝင်များ၊ NSPNC အကြံပေးအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်အငြိမ်းစား အရာရှိကြီးများ၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)မှ ကိုယ်စားလှယ် များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူ များ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့ အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ် များမှ ပါမောက္ခများ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များ နှင့် မီဒီယာများ စုစုပေါင်း ၁၆၀ တက်ရောက်ကြ သည်။

အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ နံနက်ပိုင်းတွင် ဆွေးနွေးပွဲတက်ရောက်လာသူများအား အဖွဲ့ နှစ်ဖွဲ့ ခွဲ၍ နိုင်ငံရေးကဏ္ဍတွင် အဖွဲ့(၁)မှ **“ပဋိပက္ခဖြစ်ပွား နေသောဒေသများတွင် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး နှင့် လူမှုသဟဇာတဖြစ်ထွန်းရေးအတွက် လက်တွေ့ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများဖော်ထုတ် လေ့လာခြင်း”** ခေါင်းစဉ်ဖြင့်ဆွေးနွေးရာ သဘာပတိ အဖြစ် ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း(အငြိမ်းစား)က ဆောင်ရွက်ပြီး ဒေါက်တာအမ်ကောန်လနှင့် ဒေါက်တာ သုတအောင်တို့က ဦးဆောင်ဆွေးနွေးခဲ့ကြသည်။ စီးပွားရေးကဏ္ဍတွင် အဖွဲ့(၂)မှ **“ငြိမ်းချမ်းရေးနှင့် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ရေရှည် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများမြှင့်တင်မှု အကြား အပြန်အလှန်ဆက်နွယ်မှု နည်းလမ်းများ ဖော်ထုတ်ခြင်းနှင့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ လိုအပ်ချက်များနှင့် အကူအညီများထိရောက်စွာ ဆောင်ရွက်နိုင်ရေး”** ခေါင်းစဉ်ဖြင့် ဆွေးနွေးရာ သဘာပတိအဖြစ် ဗိုလ်ချုပ်စိုးနိုင်ဦး(အငြိမ်းစား)က ဆောင်ရွက်ပြီး ဒေါက်တာဇော်ဦးနှင့် ဒေါက်တာ ညိုညိုသင်းတို့က ဦးဆောင်ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးရာတွင် သဘာပတိများက အဖွင့်အမှာစကား များပြောကြားကြပြီး ဦးဆောင်ဆွေးနွေးသူများက သက်ဆိုင်ရာခေါင်းစဉ်အလိုက် ဆွေးနွေး၍ တက်ရောက် လာကြသူများက အမြင်သဘောထားများ ဆွေးနွေး ခြင်း၊ မေးခွန်းမေးမြန်းခြင်းများအပေါ် ဦးဆောင် ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြ သည်။

မွန်းလွဲပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲ အခမ်းအနားကိုကျင်းပရာ သဘာပတိများဖြစ်သည့် ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း(အငြိမ်းစား)နှင့် ဗိုလ်ချုပ် စိုးနိုင်ဦး(အငြိမ်းစား)တို့က ဆွေးနွေးချက် အကြောင်းအရာများအပေါ် အနှစ်ချုပ် ပြန်လည် သုံးသပ်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး မင်းနိုင်က နှစ်ရက်တာ ဆွေးနွေးမှုများမှ Top-down နှင့် Bottom-up ပေါင်းစပ်ပြီး Multiple Entry, One Process ဖြင့် အားလုံးပါဝင်အောင် ဖော်ဆောင်ရေး၊ NCA အနှစ်သာရကိုအခြေခံ၍ ပြုပြင် ပြောင်းလဲရေးနှင့် လက်တွေ့အကျိုးပြု ငြိမ်းချမ်းရေး ကို ဆက်စပ်ဆောင်ရွက်နိုင်ရေး (Review-in-Action & Nexus Approach)၊ အဆင့်စုံ ဆွေးနွေးမှု (Multi-Level Dialogue) နှင့် လူထုအခြေပြု ကြားဝင်ညှိနှိုင်းမှု (Community- Led Mediation) ဖော်ဆောင်ရေး၊ အပြုသဘောဆောင်သောငြိမ်းချမ်းရေး (Positive Peace) နှင့် ဒေသဖွံ့ဖြိုးရေး ချိတ်ဆက်ဖော်ဆောင်ရေး၊ ငြိမ်းချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုကို အပြန်အလှန် အကျိုးပြုစေခြင်း (Peace-Economy Nexus) နှင့် ဒေသတွင်းချိတ်ဆက်ဆောင်ရွက်ရေး၊ လူသားချင်း စာနာမှုအကူအညီများကို အသက်မွေးဝမ်းကျောင်းနှင့် ချိတ်ဆက်၍ ဒေသအလိုက်တည်ငြိမ်မှုရှိအောင် ဖော်ဆောင်ရေးတို့ကို အဓိကအနှစ်ချုပ်အဖြစ် သုံးသပ်တင်ပြပြီး ဆွေးနွေးမှုများမှရရှိသည့် အကြံပြုချက်များအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာသူ များက ရှမ်းနှင့် တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)မှ စိုင်းအိုက်ပေါင်း၊ ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီမှ နော်သဇင်တုပ်၊ ကယားပြည်နယ် ပြည်သူ့ပါတီမှ စောဒယ်နီယယ်နှင့် ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်ပါတီမှ စောခွန်ကျော်ဝင်း၊ ကရင်တိုင်းရင်းသား ခေါင်းဆောင် စောမူတူးစေးဖိုးတို့က အမှတ်တရ ကျေးဇူးတင်စကားများ ပြောကြားသည်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေး နှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အမှတ်တရ လက်ဆောင်ပေးအပ်ခြင်း၊ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်း ရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်စကား ပြောကြားရာတွင် အလုပ်ရုံဆွေးနွေးပွဲ၌ ဆွေးနွေးသူ များက အချက်အလက်အပြည့်အစုံဖြင့် ဆွေးနွေးနိုင် ခဲ့ကြကြောင်း၊ ဆွေးနွေးမှုများအရ တိုင်းရင်းသားများ တွင် ကိုယ်ပိုင်ယဉ်ကျေးမှုရှိကြပြီး အတူတကွ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်လျက်ရှိကြကြောင်း၊ သဘာဝသယံဇာတများကို တည်ဆဲဥပဒေနှင့်အညီ စနစ်တကျ ထုတ်ယူသွားကြရန်လိုကြောင်း၊ ဒီမိုကရေစီ နှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို ဘုံရည်မှန်းချက်အဖြစ်ထားရှိပြီး ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို တစ်ခုတည်းသောလုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်သွားရန်လိုကြောင်း၊ တရားမဝင် ကုန်သွယ်မှုလုပ်ငန်းများရှိနေခြင်းသည် ငြိမ်းချမ်းရေး ကို ထိခိုက်စေကြောင်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် များတွင် မီဒီယာများက အပြုသဘောဆောင်၍ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပူးပေါင်း ဆောင်ရွက်ပေးသွားရန်လိုကြောင်းတို့ကို ပြောကြား၍ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြ ကြောင်း သိရသည်။

**သတင်းစဉ်**

# (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၆**

၂၀၂၆ ခုနှစ် (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက် ကျင်းပရာ ပြည်တွင်းရတနာ ကုန်သည်များသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွား ရေး လုပ်ငန်းများ(MSME)ကို အားပေးမြှင့်တင်ရန် အတွက် ခင်းကျင်းပြသထားသည့် အုပ်စု (စီ)မှ ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာ ကြည့်ရှု စစ်ဆေးကြသည်။



ယနေ့ပြပွဲတွင် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများ အနက် အတွဲအမှတ် (၁၆၀၆) မှ (၂၃၅၅) အထိ အတွဲ ၇၅၀ ၏ ဈေးနှုန်း တင်သွင်းလွှာများကို တာဝန်ရှိသူ များက စစ်ဆေးကာ ကျောက်စိမ်း အတွဲပေါင်း ၇၃၃ တွဲ ရောင်းချခဲ့ရ ကြောင်း ကြေညာသည်။

ယနေ့ညနေပိုင်းတွင် မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ဗဟို ကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဆန်းဦးသည် ပြည်တွင်း ရတနာကုန်သည်များက အုပ်စု(စီ) မှ ကျောက်စိမ်းအတွဲများ ရွေးချယ် ကြည့်ရှုနေမှုနှင့် ဈေးနှုန်းပေးသွင်း လွှာများအား တင်ဒါပုံးများအတွင်း ထည့်သွင်းနေမှုကို ကြည့်ရှုစစ်ဆေး ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပြပွဲဒသမနေ့တွင် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများ အနက် အတွဲအမှတ် (၂၃၅၆) မှ (၃၀၇၃) အထိ ၇၁၈ တွဲကို ပြည်တွင်း ရတနာကုန်သည်များက ကြည့်ရှု စစ်ဆေး၍ ဈေးနှုန်းတင်သွင်းလွှာ များကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြပြီး တင်ဒါပုံးများကို ညနေ ၅ နာရီတွင် ပိတ်သိမ်း၍ တာဝန်ရှိသူများက ဖွင့်ဖောက် စစ်ဆေးကာ အောက်တိုဘာ ၁၇ ရက်တွင် ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို ကြေညာ သွားမည်ဖြစ်သည်။

သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာနသည် မြန်မာ့အဖိုးတန် သယံဇာတများကို ရေရှည်တည်တံ့ စေမှု၊ မြေသယံဇာတများကို ကန့်သတ်ထုတ်လုပ်မှု၊ ရေသယံ ဇာတများကို တိုးတက်ထုတ်လုပ် မှုနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်း ကာကွယ်နိုင်မှုတို့ အကြား ဟန်ချက်ညီစွာ စီမံခန့်ခွဲ ခြင်းဖြင့် သယံဇာတစီမံခန့်ခွဲမှု လုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❁ **စာမျက်နှာ ၆ မှ**

တိုင်းရင်းသားအကပြိုင်ပွဲတွေကို တွေ့မြင် လာရခြင်းဖြစ်ပါတယ်။ တိုင်းရင်းသား အားလုံးရဲ့ အနုပညာနဲ့ ဓလေ့ထုံးတမ်း တွေကို ယခုလိုဂုဏ်ယူစွာ ပွဲထုတ်ပေးနေ ခြင်းဟာ ယခုအချိန်မှာ အထူးလိုအပ်နေ တဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို လေးစား တန်ဖိုးထားခြင်းတစ်မျိုးအဖြစ် ယူဆ နိုင်ပါတယ်။

အမှန်တော့ မြတ်နိုးဖွယ်ရာ ရတနာ အမွေအနှစ်ဖြစ်တဲ့ မြန်မာ့ရိုးရာယဉ်ကျေး မှု အစုစုကို မပျောက်ပျက်၊ မဆုံးရှုံးအောင် သမိုင်းအစဉ်အဆက် ထိန်းသိမ်းကာကွယ် ရမယ့်တာဝန်ဟာ အားလုံးမှာရှိပါတယ်။ တည်တံ့အောင်လုပ်ရမယ့်အပြင် ဖွံ့ဖြိုး အောင်လည်း လုပ်ရမှာဖြစ်တယ်။ မြန်မာ လူမျိုးတို့ရဲ့ ဘဝနဲ့ ဂုဏ်သိက္ခာကို မြန်မာ တို့ရဲ့ ကိုယ်ပိုင်ယဉ်ကျေးမှုအလှတရား တွေနဲ့သာ တည်ဆောက်ရမှာဖြစ်ပြီး ယဉ်ကျေးမှုအုတ်မြစ် ခိုင်ခိုင်မာမာ ရှိမှလည်း အမျိုးသားရေးအားမာန်က အားကောင်းလာမှာဖြစ်တယ်၊ ဒီလိုလက်ခံ ထားရမှာဖြစ်ပါတယ်။

အရိုင်းကနေအယဉ်၊ အကြမ်းကနေ အနု အလှည့်အပြောင်းဟာ ယဉ်ကျေးမှု အခြေခံပါမှ ဖြစ်နိုင်ပါတယ်။ အရိုင်း မဆန်၊ ပညာပေးဆန်တဲ့ အနုသုခုမပညာ ကသာ ဒေါသကနေ မေတ္တာတရားကို ဖြစ်ထွန်းစေမယ်လို့လည်း ယုံကြည်ထား ပါတယ်။ ထိုယုံကြည်ချက်ကတစ်ဆင့် လှပအေးချမ်းတဲ့ လူ့အဖွဲ့အစည်းတစ်ခုရဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုရရှိနိုင်ဖို့ ကောင်းမွန် တဲ့ ယဉ်ကျေးမှုအခြေခံကောင်းတွေကို စဉ်ဆက်မပြတ် ဆက်လက်ပျိုးထောင်သွား ကြရမယ်လို့ ခံယူလိုက်မိပါကြောင်း။ ။

# တန့်ယန်းမြို့နယ်၌ ဆရာတော် သံဃာတော်များအား UID ကတ်များ ပြုလုပ်ဆက်ကပ်

**တန့်ယန်း အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ဆရာတော် သံဃာတော်များအား UID ကတ်များ ပြုလုပ်၍ ဆက်ကပ်ခြင်းကို အောက်တိုဘာ ၁၄ ရက်မှစတင်၍ မဟာမြတ်မုနိဘုရားကြီး



ကျောင်းတိုက်၌ ဆောင်ရွက်ပေးသည်။

အဆိုပါ ဆောင်ရွက်နေမှုတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေး၍ ဆောင်ရွက်ပြီးစီးသော UID ကတ်များကို ဆရာတော် သံဃာတော်များအား ဆက်ကပ်ခဲ့ကြောင်း သိရသည်။

**မင်းလွင်ဦး(တန့်ယန်း)**



# သံတောင်ကြီးမြို့၌ UIDကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**သံတောင်ကြီး အောက်တိုဘာ ၁၆**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် မြို့နယ်သံဃနာယကအဖွဲ့တို့က ဘုန်းကြီးကျောင်းနှင့်သီလရှင်ကျောင်းများမှ သာသနာ့ဝင်နှင့် သာသနာ့နွယ်ဝင် ရဟန်းသံဃာ၊ ရှင်သာမဏေ၊ သီလရှင်တို့အား UIDကတ်များ ဆောင်ရွက်ပေးခြင်းနှင့် ဆောင်ရွက်ပြီးသူများအား UIDကတ် ထုတ်ပေးခြင်းကို အောက်တိုဘာ ၁၃ ရက်က သံတောင်ကြီးမြို့ ရပ်ကွက်(၅)ရှိ ဘုရင့်နောင်တပ်ဦးကျောင်း၌ ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်ပေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်စိုးက သံဃာ၂၅ ပါးနှင့် သီလရှင်နှစ်ပါးတို့အား UID ကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**နော်လော်မူ(ပြန်/ဆက်)**

# ထားဝယ်မြို့၌ ထားဝယ်ရိုးရာ သပိတ်မှောက်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်



**ထားဝယ် အောက်တိုဘာ ၁၆**

တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့၌ ထားဝယ်ရိုးရာ သပိတ်မှောက်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

အဆိုပါ သပိတ်မှောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ယနေ့တွင် ထားဝယ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ညှိနှိုင်းဆွေးနွေးကြသည်။

ညှိနှိုင်း အစည်းအဝေးတွင် ထားဝယ်ရိုးရာ သပိတ်မှောက်ပွဲကို အောင်မြင်စွာ ကျင်းပရေး ဦးစီးကော်မတီနာယကတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက သပိတ်မှောက်ပွဲ၏ မူလရည်ရွယ်ချက်၊ ရိုးရာဓလေ့ထုံးတမ်းနှင့် အနှစ်သာရများ မပျောက်ပျက်စေရေး ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ထားဝယ်သူ ထားဝယ်သားများဦးဆောင်သော လူငယ်အဖွဲ့များက ထားဝယ်ရိုးရာ သပိတ်မှောက်ပွဲ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ မီးပုံးပျံများ လွှတ်တင်ပူဇော်နိုင်ရေး၊ ဆီမီးတိုင်ထွန်းညှိပူဇော်နိုင်ရေး၊ လမ်းတစ်လျှောက် ရောင်စုံအလှဆင်မီးများတပ်ဆင်နိုင်ရေး၊ ညလုံးပေါက် ရိုးရာအကအလှများ ဖျော်ဖြေနိုင်ရေး၊ သပိတ်အိုးများ လုံလောက်စွာ ထားရှိနိုင်ရေး၊ အလှဆင် သပိတ်အိုးကြီးများ လှည့်လည်ပူဇော်နိုင်ရေး၊ ဆုချီးမြှင့်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ပိုင်းဝန်းဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယနေ့နံနက်ပိုင်းတွင် လည်း ထားဝယ်မြို့ ပုလဲကေရီခန်းမ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားပြီး အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် သရုပ်ဖော်ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ကျောက်မဲမြို့၌ သံဃာတော်နှင့် သီလရှင်များအား UID ကတ်များ ဆက်ကပ်

**ကျောက်မဲ အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ် ကျောက်မဲမြို့ ရှမ်းကျောင်းကြီးကျောင်းတိုက်ရှိ ရဟန်း၊ သာမဏေနှင့် သီလရှင် စုစုပေါင်း ၄၅ ပါးအား UID ကတ်များ ဆက်ကပ်ခြင်းကို အောက်တိုဘာ ၁၂ ရက်က ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်နှင့် ခရိုင်သာသနာရေးမှူးတို့က ကြည့်ရှုအားပေးပြီး ဆရာတော်ကြီးများထံ UID ကတ်များ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဝေါမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေး

**ဝေါ အောက်တိုဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်လျက်ရှိသည့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း၌ ပြည်တွင်း အခွန်များဦးစီးဌာနက အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၁၄ ရက်တွင် မြို့နယ်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အခွန်ဦးစီးမှူးက အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





သာစည်မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့်တပ်ဖွဲ့ဝင်များက အပူဒဏ် အန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်အတွက် မြို့ပေါ် အမှတ် (၅) ရပ်ကွက်ရှိ မီးသတ်ရေလှောင်ကန်များအား စစ်ဆေးခြင်းနှင့်ရေဖြည့်တင်းခြင်းများကို အောက်တိုဘာ ၁၄ ရက်က ကွင်းဆင်းဆောင်ရွက်ကြစဉ်။

**ထွန်းထွန်း(သာစည်)**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် အောက်တိုဘာ ၁၃ ရက်က မြန်မာနိုင်ငံစာရေးဆရာအသင်း စတုတ္ထအကြိမ်စာပေညီလာခံကို ကြိုဆိုထောက်ခံသောအားဖြင့် ကျောက်ဆည်မြို့နယ် စာရေးဆရာအသင်းဝင်များက ၂၀၂၆ ခုနှစ်အတွက် နှစ်စဉ်ကြေးငွေပေးအပ်ပွဲ ပြုလုပ်ရာ ကျောက်ဆည်မြို့နယ် စာရေးဆရာအသင်းဝင် စာရေးဆရာ ၂၄ ဦး၏ နှစ်စဉ်ကြေးငွေကျပ် ၉၆၀၀၀ ကို မြို့နယ်စာရေးဆရာအသင်းနာယက ဦးစိုးမြင့်ဒွဏ် (အာယုဗေဒ) က မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ မောင်ခိုင်ကျော် (ကျောက်ဆည်) ထံသို့ ပေးအပ်စဉ်။ သက်မောင်(ကျောက်ဆည်)






ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မီးသတ်ဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မီးသတ်ဆေးဘူး အသုံးပြု မီးငြိမ်းသတ်ခြင်း၊ အောက်ဆီဂျင်ဖြတ် မီးငြိမ်းသတ်နည်းတို့ကို ကျုံပျော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ အောက်တိုဘာ ၁၄ ရက်က ဇာတ်တိုက်လေ့ကျင့်စဉ်။ နေဝင်းမြင့်(ပြန်/ဆက်)



✣ ၂၀၂၆ ခုနှစ်မှ ပြေးခုန်ပစ်ပြိုင်ပွဲ” (စတုတ္ထနေ့) လူရွေးပွဲ၊ ဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသည်။

ယနေ့ နံနက် ၆ နာရီ ၁၅ မိနစ်မှစတင်၍ ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသား/အမျိုးသမီး (မာရသွန် မီတာ ၁၀၀၊ မီတာ ၁၅၀၀၊ မီတာ ၄၀၀၊ တန်းကျော်ပြေး မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း (Mixed)၊ တန်းမြင့်ခုန် သုံးဆင့်ခုန်၊ လုံးတံပစ်)ပြိုင်ပွဲ နောက်ဆုံးလူရွေးပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ခဲ့ကြသည်။

**အမျိုးသားပြိုင်ပွဲ ဗိုလ်လုပွဲ** ပွဲစဉ်များဖြစ်သည့် **မာရသွန်ပြိုင်ပွဲ**တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ စိုးပိုင်က ပထမ၊ အားကစားရေးရာဝန်ကြီးဌာနအသင်းမှ အောင်ကျော်ထက်က ဒုတိယ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ကျော်ဇေလင်းက တတိယတို့ကိုလည်းကောင်း၊ **မီတာ ၁၀၀ ပြိုင်ပွဲ**တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ထက်ရှိုင်းအောင်က ပထမနှင့် ကောင်းဆက်ဇော်က ဒုတိယ၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ဝေယံထက်က တတိယတို့ကိုလည်းကောင်း၊ **မီတာ ၁၅၀၀ ပြိုင်ပွဲ**တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ဟိန်းထက်အောင်က ပထမ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းမှ ရဲရင့်အောင်က ဒုတိယ၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းမှ စောအယ်မှူးက တတိယတို့ကိုလည်းကောင်း၊ **မီတာ ၄၀၀ တန်းကျော်ပြေးပြိုင်ပွဲ**တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ဟန်မင်းစိုးက ပထမ၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းမှ ရှင်းသန့်ကျော်က ဒုတိယ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ မြင့်ဝင်းက တတိယတို့ကိုလည်းကောင်း၊ **မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း (Mixed) ပြိုင်ပွဲ**တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ပထမ၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ဒုတိယ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက တတိယတို့ကိုလည်းကောင်း၊ **သုံးဆင့်ခုန်ပြိုင်ပွဲ**တွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ဟိန်းထက်အောင်က ပထမ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ဝိုင်ထက်ပိုင်က ဒုတိယ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းမှ လှမျိုးနိုင်က တတိယတို့ကိုလည်းကောင်း၊ **လုံးတံပစ်ပြိုင်ပွဲ**တွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ နန်းထက်မောင်က ပထမ၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းမှ ဟိန်းသူအောင်က ဒုတိယ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ချစ်မင်းအောင်က တတိယတို့ကိုလည်းကောင်း ရရှိခဲ့သည်။

အလားတူ **အမျိုးသမီးပြိုင်ပွဲ ဗိုလ်လုပွဲ** ပွဲစဉ်များဖြစ်သည့် **မာရသွန်ပြိုင်ပွဲ**တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ အေးအေးမြို့က ပထမ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ လှိုင်လှိုင်မြင့်က ဒုတိယ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ဆန်လီက တတိယတို့ကိုလည်းကောင်း၊ **မီတာ ၁၀၀ ပြိုင်ပွဲ**တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ နွေဦးခိုင်က ပထမ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ခိုင်သဇင်ဦးက ဒုတိယ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ခင်ရတနာအောင်က တတိယတို့ကို လည်းကောင်း၊ **မီတာ ၁၅၀၀ ပြိုင်ပွဲ**တွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ရီမြာက ပထမ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ နှင်းရွှေရည်က ဒုတိယ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ဖြိုးဖြိုးအောင်က တတိယတို့ကိုလည်းကောင်း၊ **မီတာ ၄၀၀ တန်းကျော်ပြေးပြိုင်ပွဲ**တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ဖြူဖြူထွေးက ပထမ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ပန်းအိစံက ဒုတိယ၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းမှ နှင်းပွင့်လှိုင်က တတိယတို့ကိုလည်းကောင်း၊ **တန်းမြင့်ခုန်ပြိုင်ပွဲ**တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းမှ မြတ်နိုးသူက ပထမ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ နန်းဖြူပြာမြင့်က ဒုတိယ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ယဉ်ယဉ်စိုးက တတိယတို့ကိုလည်းကောင်း၊ **လုံးတံပစ်ပြိုင်ပွဲ**တွင် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းမှ မေသဇင်မိုးက ပထမ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ခိုင်မြတ်မွန်က ဒုတိယ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ သွယ်သွယ်မိုးက တတိယတို့ကို လည်းကောင်း ရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲများအသီးသီးတွင် ဆုရရှိခဲ့သူများအား မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဒုတိယဝန်ကြီးများက တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

**“၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ” အမျိုးသား ၂၀ ကီလိုမီတာ လမ်းလျှောက်ပြိုင်ပွဲ**တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ သန့်စင်အောင်၏ စံချိန် ၁:၃၃.၁၄ စက္ကန့်သည် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ပထမ(ရွှေတံဆိပ်)ဆုရရှိသည့် စံချိန် ၁:၃၅.၂၅ စက္ကန့်ထက် သာလွန်ကောင်းမွန်သည့်အတွက် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်က ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၁၀၀ ကိုလည်းကောင်း၊ **အမျိုးသမီး ၂၀ ကီလိုမီတာ လမ်းလျှောက်ပြိုင်ပွဲ**တွင် အားကစားရေးရာဝန်ကြီးဌာနအသင်းမှ သဲနုအောင်၏ စံချိန် ၁:၄၅.၂၆ စက္ကန့်သည်(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ပထမ(ရွှေတံဆိပ်)ဆုရရှိသည့် စံချိန် ၁:၄၆.၅၂ စက္ကန့်ထက် သာလွန်ကောင်းမွန်သည့်အတွက် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်က ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၁၀၀ ကို လည်းကောင်း၊ ရွှေတံဆိပ်ဆု ငါးခုဖြင့် **အကောင်းဆုံးအားကစားသမားဆု (Best Player)**ဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ဟိန်းထက်အောင်အား မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်က ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၂၀ တို့ကို မြန်မာနိုင်ငံ မြင်းစီးအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးကျော်သူတို့က လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ပြိုင်ပွဲ ပွဲစဉ်တစ်လျှောက် ရမှတ် ၁၄၂ မှတ်ဖြင့် အမျိုးသားတံခွန်စိုက် ဆုဖလားရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်ပြီး ပြိုင်ပွဲ ပွဲစဉ်တစ်လျှောက် ရမှတ် ၁၇၂ မှတ်ဖြင့် အမျိုးသမီးတံခွန်စိုက် ဆုဖလားရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြိုင်ပွဲ ပွဲစဉ်တစ်လျှောက် ရမှတ် ၂၈၂ မှတ်ဖြင့် စုပေါင်းတံခွန်စိုက် ဆုဖလားရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းတို့အား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုများကို အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက ပေးအပ်ချီးမြှင့်ခဲ့ပြီး **(ဝဲအပေါ်ပုံ)** အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါအခမ်းအနားသို့ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်ထင်၊ ဦးရဲတင့်၊ ဦးလင်းအောင်၊ ဦးသိုက်စိုး၊ ဒေါက်တာသောင်းနိုင်ဦး၊ ဦးမျိုးကျော်သူ၊ ဦးစစ်နိုင်၊ ဌာနဆိုင်ရာများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**“၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ”** ကို ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၃ ရက်မှ ၁၆ ရက်အထိ ပြိုင်ပွဲကာလ လေးရက်ကြာ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်းအမှတ်(၁)တို့၌ ကျင်းပခဲ့ရာ ဝန်ကြီးဌာန ၂၃ ခုတို့မှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၂၂ သင်း၊ အမျိုးသမီးအသင်း ၂၁ သင်း စုစုပေါင်း အင်အား ၄၈၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဘားအံမြို့၌ အသက်(၂၂)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ဘားအံ အောက်တိုဘာ ၁၆

ဘားအံမြို့၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဖလား ရပ်ကွက်/ကျေးရွာအုပ်စုပေါင်းစုံ အသက်(၂၂)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့တွင် ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ဇွဲကပင်အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ဆက်လက်၍ အဖွင့်ပွဲစဉ်အဖြစ် ထုံးအိုင်တိုက်နယ်အသင်းနှင့် ဝတ်ကြီးတိုက်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါပြိုင်ပွဲကို ဘားအံမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများမှ အသင်း ၁၆ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး နိုဝင်ဘာ ၃ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိခဲ့သော အားကစားအသင်းများအား ဂုဏ်ပြုချီးမြှင့်

မြစ်ကြီးနား အောက်တိုဘာ ၁၆

ကချင်ပြည်နယ်အစိုးရအဖွဲ့က ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများတွင် အမျိုးသမီးတံခွန်စိုက်ဆုနှင့် ဆုတံဆိပ်များစွာရရှိခဲ့သော ပြည်နယ်လက်ရွေးစင် ဂျူဒိုအသင်းအပါအဝင် အောင်မြင်မှုရရှိခဲ့ကြသော ရိုးရာလက်ဝှေ့အသင်း၊ ပန်ကြပ်ဆီလတ်အသင်း၊ ပြေးခုန်ပစ်အသင်း၊ အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးအသင်းနှင့် ကြက်တောင်အားကစားသမားများအား ယနေ့နံနက် ၉ နာရီခွဲက ပြည်နယ်အစိုးရအဖွဲ့ရုံး မေခခန်းမ၌ ဂုဏ်ပြုချီးမြှင့်သည်။

ဂုဏ်ပြုချီးမြှင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ကချင်ပြည်နယ်၏ဂုဏ်ကို အားကစားဖြင့်မြှင့်တင်ပြီး ပြည်နယ်ကိုယ်စား အစွမ်းကုန်ကြိုးစားခဲ့ကြကာ အောင်မြင်မှုများကို ယူဆောင်ခဲ့ကြသည့်အတွက် ယခုလို အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်လက်ရွေးစင် ဂျူဒိုအားကစားအဖွဲ့က ၎င်းတို့ရရှိလာသော တံခွန်စိုက်ဆုဖလားအား ပြည်နယ်အစိုးရအဖွဲ့ထံ ဂါရဝပြုအပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဂျူဒိုအသင်း၏ တံခွန်စိုက်ဆုအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၁၀၀ နှင့် ရွှေ၊ ငွေ၊ ကြေးတံဆိပ်ဆုရရှိခဲ့သော အားကစားသမားများအတွက် ချီးမြှင့်ငွေများကို လည်းကောင်း၊ ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရ ကစားသမားများနှင့် ပြေးခုန်ပစ်ပြိုင်ပွဲ၊ ပန်ကြပ်ဆီလတ်နှင့် ကြက်တောင်ရိုက်အားကစားနည်းတွင် ဆုတံဆိပ်ရရှိသည့် ကစားသမားများအား လည်းကောင်း၊ အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးအသင်းအတွက်လည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေကျပ် စုစုပေါင်း သိန်း ၄၅၀ ကျော်နှင့် ပြည်နယ်လူမှုရေးရာဝန်ကြီးက ထပ်ဆောင်းချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။




ပြည်နယ်(ပြန်/ဆက်)

## မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား နယ်နိမိတ်မြစ်များနှင့် နယ်စပ်ဖြတ်ကျော်မြစ်များ၏ ရေအရည်အသွေးစီမံခန့်ခွဲမှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့ (JWG) ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၆**

၂၀၂၆ ခုနှစ် ဩဂုတ် ၆ ရက်တွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ သက်ဆိုင်ရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များက လက်မှတ်ရေးထိုးခဲ့သည့် နယ်နိမိတ်မြစ်များနှင့် နယ်စပ်ဖြတ်ကျော်မြစ်များ၏ ရေအရည်အသွေး စီမံခန့်ခွဲမှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ လုပ်ငန်းလမ်းညွှန် (Terms of Reference – TOR) ပါ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် မြန်မာနိုင်ငံဘက် ပူးတွဲလုပ်ငန်းအဖွဲ့ (Joint Working Group – JWG)၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ရုံးအမှတ် (၅၈) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦး၊ အမြဲတမ်းအတွင်းဝန်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ JWG အဖွဲ့ဝင်များနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ JWG အဖွဲ့ဝင်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် လုပ်ငန်းလမ်းညွှန် (Terms of Reference – TOR) သည် လက်မှတ်ရေးထိုးသည့်နေ့မှစ၍ သုံးနှစ်ကြာ အကျိုးသက်ရောက်မည်ဖြစ်ပြီး TOR ပါ လုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနများအကြား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နှစ်နိုင်ငံပူးတွဲလုပ်ငန်းအဖွဲ့ (Joint Working Group – JWG) အစည်းအဝေးများကို တစ်နှစ်လျှင် အနည်းဆုံး နှစ်ကြိမ်၊ ပုံမှန်အားဖြင့် ခြောက်လတစ်ကြိမ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် အလှည့်ကျကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် JWG ၏ အဓိကလုပ်ငန်းများဖြစ်သည့် ရေအရည်အသွေး ပူးတွဲ စောင့်ကြည့်တိုင်းတာခြင်း၊ ရေညစ်ညမ်းမှု အရင်းအမြစ်များ ဖော်ထုတ်ခြင်း၊ အချက်အလက် မျှဝေခြင်း၊ ကြိုတင်သတိပေးစနစ်များဆောင်ရွက်ခြင်း၊ ပြည်သူ့ကျန်းမာရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ခြင်းတို့ကို အကောင်အထည်ဖော်ရန်၊ သုံးနှစ်တာ Master Plan နှင့် နှစ်စဉ်လုပ်ငန်းအစီအစဉ်များ ရေးဆွဲ၍ သက်ဆိုင်ရာ ဌာနများအလိုက် လုပ်ငန်းတာဝန်များနှင့် လိုအပ်သည့် လူအင်အား၊ စက်ကိရိယာ၊ နည်းပညာနှင့် ဘဏ္ဍာငွေများကို ကြိုတင်ပြင်ဆင်ကာ ပူးပေါင်း ဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘက် JWG ၏ လုပ်ငန်းတာဝန်များနှင့် ကနဦး လုပ်ငန်းစီမံချက်တို့ကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် JWG အဖွဲ့ဝင်များက ဌာနအလိုက် ပါဝင်ဆောင်ရွက်နိုင်မည့် လုပ်ငန်းများ၊ နည်းပညာ၊ လူအင်အား၊ စက်ကိရိယာနှင့် ဘဏ္ဍာရေးဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးတင်ပြခဲ့ကြသည်။

ထို့ပြင် TOR ပါ လုပ်ငန်းများကို သက်ဆိုင်ရာ ဌာနများအကြား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေး၊ ကနဦးလုပ်ငန်းစီမံချက် ရေးဆွဲပြုစုနိုင်ရေးနှင့် လုပ်ငန်းအစီအစဉ်များ၊ ဘဏ္ဍာငွေလျာထားချက်များ ကြိုတင်ပြင်ဆင်ရေးတို့ကို ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဒဂုံတက္ကသိုလ်အတွင်းရှိ ကျောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်



**ရန်ကုန် အောက်တိုဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) ဒဂုံတက္ကသိုလ်အတွင်းရှိ ကျောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါတက္ကသိုလ်၌ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ဆောင်ရွက်မည့်အခြေအနေ၊ ပန်းခြံတည်ဆောက်မည့်နေရာ၊ ကျောင်းအဝင်လမ်းမကြီး မြေယာရှုခင်းဆောင်ရွက်မည့်အခြေအနေ၊ ဦးစားပေး (၁)ဖြင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်မည့် အဆောက်အအုံများ၊ အသစ်တည်ဆောက်မည့် အဆောက်အအုံများ၏တည်နေရာ၊ ဘောလုံးကွင်း အဆင့်မြှင့်တင်တည်ဆောက်မည့်နေရာနှင့် တက္ကသိုလ်အကွက်ချပုံစံတွင် လုပ်ငန်းဆောင်ရွက်မည့် အခြေအနေကို ယမန်နေ့နံနက်ပိုင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင် အဆောက်အအုံ၏ အစည်းအဝေးခန်းမ၌ အဆောက်အဦဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အင်ဂျင်နီယာချုပ်၊ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ဒဂုံတက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်မည့် ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံစဉ် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် တက္ကသိုလ် အင်္ဂါရပ်နှင့်အညီ ဖြစ်စေရန်၊ အဆောက်အအုံများ ရေရှည်တည်တံ့ ခိုင်မြဲစေရေးအတွက် စနစ်တကျတွက်ချက်၍ အသုံးပြုသည့်ပစ္စည်းများ အမျိုးအစားမှန်ကန်စေရေး QC အဖွဲ့များကလည်း တည်ဆောက်သည့်အဆင့်အလိုက် စစ်ဆေးဆောင်ရွက်မည့် လုပ်ငန်းများကို အနီးကပ်ကြီးကြပ်မှုဖြင့် သေချာစွာဆောင်ရွက်သွားရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လက်ရာသေသပ်ကောင်းမွန်စေရန်၊ အရည်အသွေးကောင်းမွန်စေရေး အလေးထားဆောင်ရွက်သွားရန်၊ တက္ကသိုလ်ပတ်ဝန်းကျင်တွင် စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေး စနစ်တကျဆောင်ရွက်ရန်၊ ကျောင်းအတွင်း ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေကြီးရေလျှံမဖြစ်စေရေး ဂရုပြုဆောင်ရွက်သွားရန်၊ ပူးပေါင်း ဆောင်ရွက်ရမည့် လုပ်ငန်းများကို ကြိုတင်ပေါင်းစပ် ဆောင်ရွက်ထားရှိရန် မှာကြားသည်။

ညနေပိုင်းတွင် အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၁)နှင့် အဆောက်အဦအထူးအဖွဲ့(၂)တို့မှ တည်ဆောက်လျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ရန်ကုန်အထူးကုဆေးရုံသစ်ကြီး တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကမ္ဘာ့အရိုးပွရောဂါနေ့ လူထုအသိပညာပေးဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၆**

မြန်မာနိုင်ငံ ဆီးချိုနှင့်ဟော်မုန်းရောဂါ အထူးကုဆရာဝန်များအသင်း (**Myanmar Society of Endocrinology of Metabolism–MSEM**) နှင့် အရိုးရောဂါပညာအဖွဲ့ (**Myanmar Orthopaedic Society**) တို့ ပူးပေါင်းကျင်းပသည့်“ကမ္ဘာ့အရိုးပွရောဂါနေ့ လူထုအသိပညာပေး ဟောပြောပွဲ” ကို အောက်တိုဘာ ၁၈ ရက်တွင် ပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါ ဟောပြောပွဲကို နံနက် ၈ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

လူထုအသိပညာပေးဟောပြောပွဲတွင် “အရိုးကျန်းမာ ကာကွယ်ပါ” ခေါင်းစဉ်ဖြင့် ပါမောက္ခ ဒေါက်တာတက်ထွန်းချစ်ကလည်းကောင်း၊ “အရိုးပွရောဂါ ခွဲစိတ်ကုသရုံနှင့်မပြီးပါ” ခေါင်းစဉ်ဖြင့် ပါမောက္ခ ဒေါက်တာရွှေကျော်ဦးကလည်းကောင်း ဆွေးနွေးပြောကြားမည်ဖြစ်သည်။

ဟောပြောပွဲသို့ တက်ရောက်သူများအနေဖြင့် ကမ္ဘာ့အရိုးပွရောဂါနေ့အကြောင်း သိကောင်းစရာများကို သိရှိရကာ ဖြစ်နိုင်ခြေကို စစ်ဆေးပေးပြီး အရိုးပွရောဂါနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းခွင့်ရမည်ဖြစ်ကြောင်း သိရသည်။ **TWA**



## ပခုက္ကူမြို့နယ်၌ ဆီထွက်ပဲပုပ်သီးနှံမျိုးစေ့နှင့် နေကြာသီးနှံမျိုးစေ့များ အခမဲ့ပေးအပ်

**ပခုက္ကူ အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိ တောင်သူများအား ဆီထွက်ပဲပုပ်သီးနှံမျိုးစေ့နှင့် နေကြာသီးနှံမျိုးစေ့များ အခမဲ့ပေးအပ်ပွဲကို အောက်တိုဘာ ၁၄ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ ပခုက္ကူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ၂၀၂၆ ခုနှစ် ဆောင်းရာသီဆီထွက်ပဲပုပ် တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် မျိုးသန့်ပြန့်ပွားရေးရည်ရွယ်၍ တောင်သူများအား တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနအစီအစဉ်ဖြင့် မျိုးစေ့များပေးအပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျေးရွာအုပ်စု သုံးအုပ်စုမှ ပဲပုပ်သီးနှံတိုးချဲ့စိုက်ပျိုးမည့်တောင်သူ၁၄ ဦး၏ စိုက်ဧက ၂၀ အတွက် ပဲပုပ်မျိုးရေဆင်း–(၁၅) ၁၀ တင်း၊ စိုက်ဧက ၁၁ ဧကအတွက် ဆင်းရွှေကြာ–၂ နေကြာမျိုးစေ့တို့အား ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**



ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်မြင့်မားပြီး စက်သုံးဆီအရောင်းဆိုင်များ၊ စည်ပင်သာယာဈေးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးများ မီးလောင်မှု၊မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်ကာ သန္ဓေတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းပြီး စက်သုံးဆီအရောင်းဆိုင်များ၊ မြို့နယ်စည်ပင်သာယာဈေးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးများအား မီးဘေးလုံခြုံရေးစစ်ဆေး၍ လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြသစဉ်။

မင်းထက်သာ

## ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် တစ်နိုင်ငံလုံး ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ ထိုင်းနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်

နေပြည်တော် အောက်တိုဘာ ၁၆

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် တစ်နိုင်ငံလုံး ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူ ၃၆ ဦးနှင့် ကြီးကြပ်ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများသည် နိုင်ငံတော်အစိုးရ၏အစီအစဉ်ဖြင့် ထိုင်းနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်ရန် ယမန်နေ့နံနက်ပိုင်းက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။



**ပေးအပ်**

ထို့နောက် အဆိုပါထူးချွန်ကျောင်းသား ကျောင်းသူများသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ မြန်မာသံရုံးသို့ ရောက်ရှိရာ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်ဇော်စိုးက ခရီးစဉ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် မြန်မာသံရုံးမှ Kasetsart University သို့ သွားရောက်လေ့လာရာ တာဝန်ရှိသူများက တက္ကသိုလ်နှင့်ပတ်သက်သည့်အချက်အလက်များ၊ ဖွင့်လှစ်ပို့ချလျက်ရှိသည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားရာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး နိုင်ငံတကာဘွဲ့ကြိုသင်တန်းကို လေ့လာခဲ့ကြသည်။

ညနေပိုင်းတွင် ထူးချွန်ကျောင်းသား ကျောင်းသူများသည် Baiyoke Tower ၌ ဗန်ကောက်မြို့၏ ညရှုခင်းကို ကြည့်ရှုလေ့လာခဲ့ကြသည်။

ယနေ့နံနက်ပိုင်းတွင် ထူးချွန်ကျောင်းသား ကျောင်းသူများသည် မြဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ရှေးဟောင်းဗိသုကာလက်ရာများ၊ နံရံဆေးရေးပန်းချီများကို လေ့လာကြသည်။ ဆက်လက်၍ Siam Ocean World တွင် ရေအောက်ဖန်ဥမင်လိုဏ်ခေါင်းမှတစ်ဆင့် ငါးမန်း၊ ပင်လယ်လိပ်နှင့် ငါးအုပ်ကြီးများ ကူးခတ်နေမှုများ၊ အရောင်အသွေးစုံလင်လှပသည့် ရေခူများ၊ ရေချိုသတ္တဝါများ၊ ပင်လယ်ဖျံများ၊ ရေနေသတ္တဝါများ ကျက်စားနေထိုင်ပုံနှင့် ပင်လယ်ရေအောက်သတ္တဝါများကို လက်တွေ့ကျကျ လေ့လာကြသည်။

ထို့ပြင် Madame Tussauds Museum ပြတိုက်ရှိ သိပ္ပံပညာရှင်များနှင့် သမိုင်းဝင်နိုင်ငံ့ခေါင်းဆောင်များ၏ ရုပ်တုများ၊ ကမ္ဘာ့နိုင်ငံရေးခေါင်းဆောင်များ၊ ကမ္ဘာ့နာမည်ကျော် အားကစားသမားများ၊ ရုပ်ရှင်နှင့် ဂီတနယ်ပယ်မှ ထင်ရှားသည့် အနုပညာသမားများ၏ ပုံတူဖယောင်းရုပ်တုများနှင့် ဖယောင်းရုပ်တုပြုလုပ်ပုံ အဆင့်ဆင့်တို့ကို သွားရောက်လေ့လာကြသည်။

အဆိုပါ ထူးချွန်ကျောင်းသား ကျောင်းသူများသည် ယနေ့ညနေပိုင်းတွင် ဗီယက်နမ်နိုင်ငံသို့ ဆက်လက် ထွက်ခွာသွားကြောင်း သိရသည်။

**သတင်းစဉ်**

## (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် “လှပသာယာ ပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

နေပြည်တော် အောက်တိုဘာ ၁၆

၂၀၂၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၉) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား **“လှပသာယာပြည်မြန်မာ”** ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပါသည်။ အဆိုပါပြိုင်ပွဲကို မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များစသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသော ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရပါမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာဖြစ်ရမည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံ အရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD)ကို တစ်ပါတည်း ပူးတွဲပေးပို့ရပါမည်။ ဒီဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်း၊ ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသောဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသောဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူ အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ ဓာတ်ပုံ၏အကြောင်းအရာ၊ ရိုက်ကူးသည့်နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျော၌ သီးခြားစက္ကူဖြင့်ရေးကပ်၍ ပူးတွဲပေးပို့ရမည်။ ကိုယ်တိုင်ရိုက်ကူးထားသောပုံဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၃၁-၁၀-၂၀၂၆ ရက်နေ့ ညနေ(၄)နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး (ထုတ်လုပ်) ထုတ်လုပ်ရေးဌာနခွဲ (ရန်ကုန်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် (၂၂/၂၄) ပန်းဆိုးတန်းလမ်း(အောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁- ၈၃၈၄၈၁၃ သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများကို ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး မြောင်းမြအကျဉ်းထောင်ကို ကြည့်ရှုစစ်ဆေး

မြောင်းမြ အောက်တိုဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်ခင်စန်းဝင်းသည် တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်စန္ဒာကျော်၊



မြောင်းမြခရိုင်တရားသူကြီး ဒေါ်မို့မို့အေး၊ လပွတ္တာခရိုင် တရားသူကြီး ဒေါ်ယင်းမာတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြောင်းမြအကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ အကျဉ်းထောင်တာဝန်ခံအရာရှိက အကျဉ်းထောင်အတွင်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးနှင့် တာဝန်ရှိသူများသည် အကျဉ်းထောင်အတွင်း အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ နေထိုင်သည့်အဆောင်များ၊ စားဖိုဆောင်၊ အကျဉ်းထောင်ဆေးရုံတို့ကို လှည့်လည်ကြည့်ရှုကာ ၎င်းတို့၏ဥပဒေပါ အခွင့်အရေးများရရှိခြင်း ရှိ/မရှိ၊ နေရာထိုင်ခင်း အဆင်ပြေမှုရှိ/မရှိ၊ စားသောက်ရာတွင် အာဟာရသင့်တင့်မျှတမှု ရှိ/မရှိနှင့် ကျန်းမာရေးစောင့်ရှောက်မှု ရ/မရ အခြေအနေများကို စစ်ဆေးမေးမြန်းခဲ့ပြီး လိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

**ဇေယျာ(ပြန်/ဆက်)**




## မရမ်းကုန်းမြို့နယ်၌ မီးဘေးလုံခြုံရေးစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဘုရင့်နောင်လမ်းမကြီးရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဈေးများ၊ ကုန်စည်ပွဲရုံများဌာန ဘုရင့်နောင်ဈေးပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းတို့၌ တာဝန်ရှိသူများက ယမန်နေ့တွင် မီးဘေးလုံခြုံရေးစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မရမ်းကုန်းခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူးဦးဆောင်သော စမ်းချောင်း၊ လှိုင်နှင့် မရမ်းကုန်းမြို့နယ်တို့မှ မီးသတ်ဦးစီးမှူးများပါဝင်သောပူးပေါင်းအဖွဲ့သည် မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှုများနှင့် မီးသတ်ပစ္စည်းကိရိယာများအသင့်အသုံးပြုနိုင်ခြင်း ရှိ/မရှိ၊ သိုလှောင်ရုံများအတွင်း သဘာဝလေဝင်/လေထွက်ကောင်းမွန်မှု ရှိ/မရှိ၊ မီးသတ်ရေသိုလှောင်ကန်များမှ ရေရယူနိုင်ခြင်းရှိ/မရှိ၊ မီးသတ်ယာဉ်များ ဝင်/ထွက်သွားလာနိုင်မှုအခြေအနေများကို စစ်ဆေးဆောင်ရွက်ကြပြီး မီးဘေးလုံခြုံရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မင်းသိန်းထွန်း**

## တနင်္သာရီတိုင်းဒေသကြီး ဥပဒေအရာရှိ ကော့သောင်းခရိုင်နှင့် မြို့နယ်ဥပဒေအရာရှိများ၊ ရုံးအမှုထမ်းများနှင့် တွေ့ဆုံဆွေးနွေး

ကော့သောင်း အောက်တိုဘာ ၁၆

တနင်္သာရီ တိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးသိန်းထွန်းသည် ဥပဒေရုံးအဆင့်ဆင့်၏ အမှုကိစ္စရပ်စီမံခန့်ခွဲမှုစနစ် ပိုမိုကောင်းမွန်စေရန်အတွက် အောက်တိုဘာ ၁၂ ရက်တွင် ကော့သောင်းခရိုင်နှင့် မြို့နယ်ဥပဒေရုံးတွင် ဆောင်ရွက်ထားရှိသည့် ခရိုင်နှင့်မြို့နယ် ရှေ့ပြေးဥပဒေရုံးများကို စစ်ဆေးပြီး ခရိုင်/မြို့နယ်ဥပဒေအရာရှိများနှင့် ရုံးအမှုထမ်းများအား တွေ့ဆုံသည်။




တွေ့ဆုံရာတွင် တိုင်းဒေသကြီး ဥပဒေအရာရှိက ဥပဒေရေးရာဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ရှေ့ပြေးဥပဒေရုံးများ သတ်မှတ်ချက်များနှင့်အညီ လိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများကို သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများ ပေါင်းစပ်ညှိနှိုင်း၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေး၊ ဥပဒေအရာရှိ ကျင့်ဝတ်နှင့်အညီ တာဝန်ထမ်းဆောင်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ကော့သောင်းခရိုင် ဥပဒေအရာရှိ၊ မြို့နယ်ဥပဒေအရာရှိနှင့် ဒုတိယခရိုင်ဥပဒေအရာရှိများ၊ ဒုတိယမြို့နယ် ဥပဒေအရာရှိနှင့် ဝန်ထမ်းများက ရုံးလုပ်ငန်း တာဝန်များကို ဆွေးနွေး တင်ပြကြရာ တိုင်းဒေသကြီး ဥပဒေအရာရှိက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်သည့် စစ်သည်များပါဝင်သော မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ









**နေပြည်တော် အောက်တိုဘာ ၁၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှုဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် စစ်မှုထမ်းဆဲ/ စစ်မှုထမ်းဟောင်းနှင့် အစားခန့်ဝန်ထမ်းများ၏ သား/သမီး ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော စစ်သည်များ ပါဝင်သည့် မျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များသည် နိုင်ငံတကာယဉ်ကျေးမှု၊ ဗဟုသုတနှင့် အသိပညာများ အတုယူလေ့လာနိုင်စေရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးစဉ် သွားရောက်ကြမည် ဖြစ်ရာ အဆိုပါ လေ့လာရေးအဖွဲ့သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြသည်။

အဆိုပါ ထူးချွန်လူငယ်များပါဝင်သည့် လေ့လာရေးအဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မင်းလတ်နှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ဌာနကြီးမှူး ဦးအောင်ရဲဝင်းနှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၏မိဘဆွေမျိုးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ရင်းရင်းနှီးနှီး လိုက်လံအားပေးပြီး ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့တွင် စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်း မိသားစုဝင် သား၊ သမီးများမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အမှတ်အများဆုံး ရရှိသော ကျောင်းသား ကျောင်းသူ ၁၈ ဦး၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသည့် လူရည်ချွန် ကျောင်းသား ကျောင်းသူ ၅ ဦး၊ ဂုဏ်ထူး ၃ ဘာသာဖြင့် အောင်မြင်သော စစ်သည် ၂ ဦး၊ ကျောင်းအုပ်ချုပ်မှု တာဝန်ခံ ၁ ဦး၊ အုပ်ချုပ်မှုအဖွဲ့ဝင် ၄ ဦး စုစုပေါင်း ၃၀ ဦးတို့ ပါဝင်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ အောက်တိုဘာ ၂၂ ရက်အထိ လေ့လာရေး ခရီးစဉ်ကာလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ကောင်းကင်ဘုံဗိမာန်ပန်းခြံ၊ လင်ကွမ်းဘုရားကျောင်း၊ နွေရာသီနန်းတော်၊ မဟာတံတိုင်းကြီး(Great Wall)နှင့် အခြားအထင်ကရ နေရာများသို့ သွားရောက် လေ့လာလည်ပတ်ခြင်းများ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရှိရသည်။

တပ်မတော် အနေဖြင့် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် စစ်သည်များ၊ တပ်မတော်သားမိသားစုဝင် သား၊ သမီးများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သား၊ သမီးများနှင့် စစ်သည်အစားခန့် အရပ်သားအမှုထမ်းများ၏ သား၊ သမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှ စတင်ပေးအပ်ခဲ့ပြီး ဆုရရှိသူများအနက်မှ ထူးချွန်စစ်သည်နှင့် ဘက်စုံ ထူးချွန်လူငယ်များအား ၂၀၁၃ ခုနှစ်မှစ၍ ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးစဉ်များ စီစဉ်စေလွှတ်ပေးခဲ့ရာ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားချိန်တွင် ခေတ္တရပ်နားခဲ့ရပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစတင်၍ လေ့လာရေးခရီး ပြန်လည်စေလွှတ်ခဲ့ခြင်း ဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက် လေ့လာကြမည့် အုပ်ချုပ်သူများနှင့် မျိုးဆက်သစ် ထူးချွန်ကျောင်းသား ကျောင်းသူများ၏ လေ့လာရေးခရီးစဉ်နှင့် ပတ်သက်၍ ပြောကြားမှုများကို ယခုကဲ့သို့ ကြားသိရပါသည်-

**ကျောင်းသူ**

ဂုဏ်ထူး (၅)ဘာသာနဲ့ အောင်မြင်ခဲ့ပါတယ်ရှင့်။ အမှတ်ပေါင်းကတော့ ၅၃၇ မှတ် ဖြစ်ပါတယ်ရှင့်။ နှစ်အစကတည်းက စာကို တစိုက်မတ်မတ်နဲ့ လုပ်ပြီးတော့ပေါ့နော်။ အမှားအယွင်းမရှိဘဲနဲ့ သေသေချာချာ စိတ်ကို ဆုံးဖြတ်ချက်ချပြီးတော့မှ ကြိုးစားခဲ့ပါတယ်ရှင့်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို သွားရောက်လေ့လာခွင့်ရတဲ့အတွက် ပို့ပေးတဲ့ လူကြီးများကိုလည်း အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ သူငယ်ချင်းမိတ်ဆွေ အပေါင်းအသင်းတွေလည်း အများကြီးတိုးတဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။ သွားရောက်လေ့လာတဲ့ အခါမှာလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ယဉ်ကျေးမှုအသစ်တွေကိုလည်း အစွမ်းကုန်လေ့လာခဲ့ပါမယ်လို့ ပြောချင်ပါတယ်ရှင့်။

**ကျောင်းသား**

မိတ္ထီလာမြို့ အမှတ်(၂) ပညာရေးကျောင်းကနေပြီးတော့ ပထဝီ၊ သမိုင်း၊ ဘောဂ ဂုဏ်ထူး(၃) ဘာသာနဲ့အောင်တာပါ ခင်ဗျ။ ကျောင်းက ဆရာ ဆရာမတွေရဲ့ သွန်သင်မှုတွေလည်း ပါတာပေါ့။ ကျောင်းအုပ်ကြီးရဲ့ ပွဲကိုင်မှုတွေရော ကျွန်တော်တို့ကိုယ်တိုင်ကလည်း ဘဝတစ်ဆစ်ချိုးပြောင်းလဲဖို့အတွက် ဒီလိုမျိုးအောင်မြင်အောင် ကြိုးစားခဲ့တာပေါ့။ ကျွန်တော်တို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို သွားရောက်လေ့လာမှာပါခင်ဗျ။ ကျွန်တော်တို့ စစ်သည်အနေနဲ့ ပြည်ပလေ့လာရေးခရီးထွက်ရတဲ့အတွက် အလွန်ပျော်ပါတယ်။ အခုလိုကိုယ့်ရဲ့ ကြိုးစားမှု ရလဒ်အသီးအပွင့်အနေနဲ့ ခံစားရတာ အလွန်ပျော်ရွှင်ပါတယ်။ အခုလို ပြည်ပလေ့လာရေးခရီးစဉ်ပို့ပေးတဲ့အတွက် နိုင်ငံတော်ကိုရော၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုရော အားလုံးကို ကျေးဇူးတင်ပါတယ်။

၁၀၀

## ပညာ့အလင်းခေတ်မီစာကြည့်တိုက်သို့ စာအုပ်များလာရောက်လှူဒါန်း



**ရန်ကုန် အောက်တိုဘာ ၁၆**

အများပြည်သူ ဖတ်ရှုနိုင်ရန်အတွက် စာအုပ်အလှူရှင် ဦးမျိုးကြည် ဂုဏ်ထူးဆောင် တွဲဖက်ပါမောက္ခ(ငြိမ်း) အီလက်ထရောနစ် အင်ဂျင်နီယာဌာန ရန်ကုန်စက်မှု တက္ကသိုလ်နှင့် သမီးဖြစ်သူ ဒေါ်ခင်မေခိုင် လက်ထောက်ကထိက (ငြိမ်း) ကွန်ပျူတာ စက်ပစ္စည်းဌာန ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် မိသားစုမှ ဝတ္ထုနှင့် မဂ္ဂဇင်း စုစုပေါင်း ၆၁၈ အုပ်ကို ယနေ့နံနက်ပိုင်းက ကျောက်တံတား မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပညာ့အလင်းခေတ်မီ စာကြည့်တိုက်သို့ လာရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အလှူရှင်မိသားစုက စာအုပ်များကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ယနေ့လှူဒါန်းခဲ့သည့် စာအုပ်များမှာ ၁၉၅၂ ခုနှစ်မှ ၁၉၈၇ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့်နဝဒေးမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်း၊ စန္ဒာမဂ္ဂဇင်း၊ သွေးသောက်မဂ္ဂဇင်း၊ မြဝတီမဂ္ဂဇင်း၊ ရှုမဝမဂ္ဂဇင်း၊ စုံထောက်မဂ္ဂဇင်း၊ သင့်ဘဝမဂ္ဂဇင်း၊ ဝတ္ထုစာအုပ်များနှင့် စင်တော်ကောက်တေးတစ်ရာ စာအုပ်တို့ ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မော်လမြိုင်မြို့နယ်၌ စားအုန်းဆီ အရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေး

**မော်လမြိုင် အောက်တိုဘာ ၁၆**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်းရှိ စားအုန်းဆီလက်လီအရောင်းဆိုင်များသို့ သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် စားအုန်းဆီများ မှန်ကန်စွာ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးဆောင်သော စားအုန်းဆီဖြန့်ဖြူးရောင်းချမှုစစ်ဆေးရေးအဖွဲ့သည် ယမန်နေ့က မော်လမြိုင်မြို့နယ်အတွင်းရှိ Zabu Kan Tun Trading Co.,Ltd.၊ Central Myanmar Co.,Ltd.၊ Kaung Hlyan New Asia Co.,Ltd.၊ Lwin Maung Maung Co.,Ltd.တို့က လက်လီအရောင်းဆိုင်များသို့ သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် စားအုန်းဆီရောင်းချနေမှုအား ကွင်းဆင်းစစ်ဆေးသည်။

စားအုန်းဆီများကို မှန်(၆)မှန်နှင့်အညီ ရောင်းချခြင်း ရှိ၊ မရှိ၊ စားအုန်းဆီဝယ်ယူခွင့်စာအုပ်များဖြင့် ရောင်းချခြင်းရှိ၊ မရှိ၊ စားသုံးသူပြည်သူများထံသို့ မှန်ကန်စွာ ဖြန့်ဖြူးရောင်းချနေခြင်းရှိ၊ မရှိ၊ အပတ်စဉ် သတ်မှတ်ထားသည့်ဈေးနှုန်းဖြင့် ရောင်းချနေခြင်း ရှိ၊ မရှိတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**

## အောင်လံမြို့နယ်၌ အယ်လ်နီညိုဖြစ်စဉ် ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး



**အောင်လံ အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တွင် ဖြစ်ပေါ်လာနိုင်သည့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များအတွက် ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေးလုပ်ငန်းများကို အောက်တိုဘာ ၁၄ ရက်က အောင်လံမြို့မစည်ပင်သာယာဈေး၌ ဆောင်ရွက်သည်။

အောင်လံမြို့နယ်မီးသတ်တပ်ဖွဲ့မှူးသန္ဓေမီးသတ်တပ်ဖွဲ့ဝင်ခြောက်ဦး၊ စည်ပင်သာယာရေးကော်မတီဝင်များနှင့် ဝန်ထမ်းများ၊ သက်ဆိုင်ရာတာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြို့မစည်ပင်သာယာဈေးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်နိုင်ရေးအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ရှင်းခန့်အောင်**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများအား လုပ်ငန်းသုံးပစ္စည်းများနှင့် အတူဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၁၆

နိုင်ငံတော်အစိုးရအနေဖြင့် လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကျူးလွန်ခြင်းများအား တားဆီးကာကွယ်ခြင်းနှင့် ရှာဖွေဖော်ထုတ် ဖမ်းဆီးအရေးယူခြင်းများကိုအမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ နယ်မြေ(၁၉) ရပ်ကွက်(၁၂) အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့က ယမန်နေ့ ညပိုင်းတွင် သွားရောက် ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ အဆိုပါ ရပ်ကွက် ဆင်းရှွေလီလမ်းသွယ်




ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ။





ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရပ်ကွက်(၁၂)အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများ ဖမ်းဆီးရမိသည့်နေရာကို တွေ့ရစဉ်။

(၇)ရှိ နေအိမ်တစ်လုံး၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ကိုင်နေသူ မြန်မာနိုင်ငံသား အမျိုးသား ၃ ဦး အမျိုးသမီး ၁ ဦး စုစုပေါင်း ၄ ဦးတို့အား ဖုန်းမျိုးစုံ ၆ လုံး၊ Laptop ၃ လုံး၊ 12V Battery ၁ လုံး၊ Solar ၁ ချပ်၊ Wifi စက် ၁ လုံး၊ အခြားဆက်စပ်ပစ္စည်းများအား မြန်မာငွေကျပ် ၂၀၅၀၀၀ နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဆက်စပ်ပစ္စည်းများနှင့် အတူဖမ်းဆီးရမိသူများအားလားရှိုးမြို့မရဲစခန်း၌ အီလက်ထရောနစ် ဥပဒေပုဒ်မ ၃၃(က)ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အခြေချလုပ်ကိုင်နိုင်ခြင်း မရှိစေရေးနှင့် အပြီးတိုင် ပပျောက်စေရေးတို့အတွက် အမြစ်ပြတ်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မပြတ် အထူးအလေးထား၍ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ ၁၀၀

# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ၁၃ ထပ် အဆောက်အအုံ ၁ လုံးအား ထပ်မံဖြိုချဖျက်ဆီး၊ ကျန်အဆောက်အအုံများအား ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်

နေပြည်တော် အောက်တိုဘာ ၁၆

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု (ONLINE SCAM)များ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထားနှိမ်နင်းလျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အများဆုံးအခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှု။

တရားမဝင်အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ၁၃ ထပ်အဆောက်အအုံ ၁ လုံးအား ယမ်းဖြင့် ထပ်မံဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် ၅ ထပ် အဆောက်အအုံ ၂ လုံးအား ယာဉ်ယန္တရားများဖြင့် စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီး




မည့်အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးရမည့် အဆောက်အအုံများအနက် ၅ ထပ် အဆောက်အအုံ ၁ လုံးမှာ ဖြိုချဖျက်ဆီးမှု ၉၈ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပြီး ထပ်မံ၍ ၅ ထပ်အဆောက်အအုံ ၁ လုံးမှာ ၆၅ ရာခိုင်နှုန်းဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။ ထို့ပြင် ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် ၁၃ ထပ် အဆောက်အအုံ ၁ လုံးအား ယမ်းဖြင့် ထပ်မံဖောက်ခွဲ၍ အလုံးစုံဖြိုချဖျက်ဆီးနိုင်ခဲ့ကြောင်း သိရှိရသည်။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် ဖျက်ဆီးရန်ကျန် အဆောက်အအုံ ၅၉ လုံးအား စနစ်တကျ ဆက်လက်၍ဖြိုချဖျက်ဆီးသွားမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့်အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံအတွင်း လုံးဝအခြေမချနိုင်သည်အထိ ထိထိရောက်ရောက် ရှာဖွေစစ်ဆေးနှိမ်နင်းခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ ၁၀၀

# တာချီလိတ်မြို့တွင် ငွေကျပ် ခုနစ်ဘီလီယံကျော်တန်ဖိုး၊ မြိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ တန်ဖိုးနှင့် တောင်ကြီးမြို့တွင် ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၁၆

တာချီလိတ်မြို့တွင် ငွေကျပ် ခုနစ်ဘီလီယံကျော်တန်ဖိုး၊ မြိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ တန်ဖိုးနှင့် တောင်ကြီးမြို့တွင် ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိပြီး ဖမ်းဆီးရမိသူများအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၄ ရက်မွန်းလွဲ ၃ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်နေ စိုင်းငင်း(ခ)အိုက်အေး (၃၁)နှစ်နှင့် မနန်းစံဖောင်း (၂၉)နှစ်တို့၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ပြောင်းဆေးဝါး ကတ်တမင်းအဆီ ၂၆ ဒသမ ၁၅ လီတာ (တစ်လီတာလျှင် ငွေကျပ်သိန်း ၃၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၇ ဒသမ ၈၄၅ ဘီလီယံ)၊ စိတ်ကြွဆေးပြား ၂၀၀ (တစ်ပြားလျှင် ငွေကျပ် ၄၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၈၀၀၀၀)၊ စိတ်ပြောင်းဆေးဝါး ကတ်တမင်းအမှုန့် ၃၀ ဂရမ် (တစ်ဂရမ်လျှင် ငွေကျပ် ၉၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၂၇၀၀၀၀ )၊ အနံ့ဆေးရည် ကိုးလီတာ (တစ်လီတာလျှင်ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၄၅၀၀၀) စုစုပေါင်း တန်ဖိုး ငွေကျပ် ၇ ဒသမ ၈၄၅၃၉၅ ဘီလီလံအား သိမ်းဆည်းရမိသဖြင့် စိုင်းငင်း(ခ)အိုက်အေးနှင့် မနန်းစံဖောင်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ အောက်တိုဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မြိတ်မြို့နယ် မဇောကျေးရွာအုပ်စု ပသောင်း – ကြေးနန်းတိုင်တံတားအနီးတွင် မြိတ်မှ ကော့သောင်းသို့ မောင်းနှင်လာသည့် HIACE အမျိုးအစား ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင်လိုက်ပါလာသူ ခရီးသည် ကော့သောင်းမြို့နယ် မာရမ်းရွာနေ မနှင်းသီတာဖြိုး(ခ)နှင်းနှင်း (၂၅)နှစ်ထံမှ စိတ်ကြွဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၂၅၀)ကို သိမ်းဆည်းရမိပြီး ကွင်းဆက်အရ ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲတွင် အထက်ပါ ပူးပေါင်းအဖွဲ့သည် စိတ်ကြွဆေးပြားများရောင်းချပေးသူ မြိတ်မြို့နယ် ပဂျီရှောင်ရွာနေ ထွန်းထွန်းဝင်း (ခ)ထွန်းထွန်း (၄၈)နှစ်၏ နေအိမ်မှ စိတ်ကြွဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၂၅၀)ကို ထပ်မံသိမ်းဆည်းရမိသဖြင့် မနှင်းသီတာဖြိုး(ခ)နှင်းနှင်းနှင့် ထွန်းထွန်းဝင်း (ခ)ထွန်းထွန်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အသီးသီးအရေးယူထားကြောင်း သိရသည်။

ထို့အတူ အောက်တိုဘာ ၁၄ ရက် ည ၇ နာရီခွဲတွင် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက် နယ်မြေ(၁)နေ ခွန်ကျော်ထက်(ခ)လဘုန်း(၂၄)နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၃၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၃၀)ကို သိမ်းဆည်းရမိသဖြင့် ခွန်ကျော်ထက်(ခ)လဘုန်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ သတင်းစဉ်



တရားခံ စိုင်းငင်း(ခ)အိုက်အေးနှင့် မနန်းစံဖောင်းတို့အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



## ပထမအကြိမ် မြန်မာ-ရုရှား နှစ်နိုင်ငံရေတပ်ချင်း တွေ့ဆုံဆွေးနွေးပွဲ (1st Myanmar-Russia Navy to Navy Talks) ပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၁၆**

ရန်ကုန်မြို့တွင် ပြုလုပ်သည့် ပထမအကြိမ် မြန်မာ-ရုရှား နှစ်နိုင်ငံရေတပ်ချင်း တွေ့ဆုံဆွေးနွေးပွဲ (1st Myanmar–Russia Navy to Navy Talks) သို့ တက်ရောက်ရန်အတွက် ရုရှားရေတပ်မှ Major General Andrey Nikolaevich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ပြီး တပ်မတော်(ရေ)မှ ကိုယ်စားလှယ်အဖွဲ့နှင့် ဧရာဝတီရေတပ်စခန်းဌာနချုပ်၌ တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံရေတပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သတင်းအချက်အလက်ဖလှယ်ရေး ဆိုင်ရာကိစ္စရပ်များနှင့် ရေယာဉ်များ ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးချက်များသဘောတူ လက်မှတ်ရေးထိုးပွဲကို အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ်၌ ပြုလုပ်ခဲ့ပြီး အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန် ပေးအပ်ကာ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ပထမအကြိမ် မြန်မာ-ရုရှား နှစ်နိုင်ငံရေတပ်ချင်း တွေ့ဆုံဆွေးနွေးပွဲကို တက်ရောက်ခဲ့သော ရုရှားရေတပ်မှ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**၁၀၀**

## အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၅) သင်တန်းဆင်း

**ရန်ကုန် အောက်တိုဘာ ၁၆**

အလယ်အလတ်အဆင့် အရာထမ်း သင်တန်းအမှတ်စဉ်(၁၅) သင်တန်းဆင်းပွဲကို ယနေ့နံနက်ဂ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) မှ ပါမောက္ခချုပ်နှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဝင် ဦးစိုးတင့်က “ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်”ဆောင်ပုဒ်နှင့်အညီ မိမိတို့၏ အရည်အသွေး ပြည့်ဝစေရေး ကြိုးပမ်းဆောင်ရွက်ပြီး နိုင်ငံချစ်စိတ်ရှိသည့် ဝန်ထမ်းများဖြစ်ရန်နှင့် မိမိတို့အား ပေးအပ်ထားသည့် လုပ်ငန်းများကို ဥပဒေနှင့်အညီ ထမ်းဆောင်ကြရန်လိုကြောင်း၊ “တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေး” နှင့် “နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုရရှိရေး” စီမံကိန်းကြီးများကို ချမှတ်ဆောင်ရွက်ရာတွင် ကဏ္ဍအလိုက် ပါဝင်ရသူများဖြစ်၍ မှန်ကန်သော တွေးခေါ်မြော်မြင်မှုဖြင့် ဆောင်ရွက်ကြရန် လိုကြောင်း မှာကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ကာ သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ဆက်လက်၍ သင်တန်းသား အိပ်ဆောင်၊ စားရိပ်သာများ၊ သင်တန်းသားများ လေ့ကျင့်သင်ကြားနေမှုများနှင့် တက္ကသိုလ်ဆေးရုံကို စစ်ဆေးကြည့်ရှု၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါသင်တန်း၏ ဖွင့်ပွဲနှင်းသဘင်အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ရတနာသိဃ်ခန်းမ၌ကျင်းပရာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) မှ ပါမောက္ခချုပ်က ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့်ဒီပလိုမာဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းကို ဇွန် ၁ ရက်မှ အောက်တိုဘာ ၁၆ ရက်အထိ သင်တန်းသား ၇၃ ဦး၊ သင်တန်းသူ ၇၆ ဦး စုစုပေါင်း ၁၄၉ ဦးဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





## ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဈေးများတွင် မွေးမြူရေးခြံများမှ တိုက်ရိုက်ထုတ်လုပ်ရောင်းချသည့် ဈေးဆိုင်ခန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၁၆**

ရန်ကုန် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ကုန်ဈေးနှုန်း ကျဆင်းရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဈေးများတွင် မွေးမြူရေးခြံများမှ တိုက်ရိုက်ထုတ်လုပ်ရောင်းချသည့် ဈေးဆိုင်ခန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန် တိုင်းဒေသကြီးအတွင်း မြို့နယ်များ၏ဈေးများရှိသတ်မှတ်နေရာများ၌ ကျင်းပသည်။



**တက်ရောက်**

ရန်ကုန် တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အမှတ်(၂)ဈေးတွင် မွေးမြူရေးခြံများမှ တိုက်ရိုက် ထုတ်လုပ်ရောင်းချသည့် ဈေးဆိုင်ခန်းဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ ဈေးဆိုင်ခန်းကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမျိုးမြင့်အောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဈေးဆိုင်ခန်း ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ဈေးဆိုင်ခန်းနှင့် ပြည်သူများ ဈေးဝယ်ယူနေမှုကို ကြည့်ရှုအားပေးသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဒဂုံရွှေပြည်ဈေးတွင် မွေးမြူရေးခြံများမှ တိုက်ရိုက်ထုတ်လုပ်ရောင်းချသည့် ဈေးဆိုင်ခန်းဖွင့်ပွဲကို အဆိုပါဈေး၌ ကျင်းပခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## GEC ရန်ကုန်တိုင်းဒေသကြီး အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် အောက်တိုဘာ ၁၆**

GEC ရန်ကုန်တိုင်းဒေသကြီး အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်၏ ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာ ရွေးချယ်ပွဲကို အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာGEC ရန်ကုန်တိုင်း အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌဦးခင်မောင်ဝင်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာနှင့်ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားကာ အသင်းဝင်စာရင်းရှင်းတမ်းများကို အတည်ပြုချက်ရယူကြသည်။

ထို့နောက် သမဝါယမအသင်း၏ ဥပဒေကိုပြင်ဆင်သည့်ဥပဒေအရ တိုင်းအဆင့်ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်က အမှုဆောင်ဒါရိုက်တာကိုးဦးအား အဆိုပြုထောက်ခံခြင်း၊ ရွေးချယ်တာဝန်ခွဲခြင်းနှင့် ကတိသစ္စာခံယူခြင်းများကို ပြုလုပ်ခဲ့ကြောင်း သိရသည်။ **အာကာ**





## မင်းဘူးမြို့၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆောင်ရွက်

**မင်းဘူး အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၁၄ ရက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ဆောင်ရွက်သည်။

ဦးစွာ မင်းဘူးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး(၁) တို့က အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်မြင့်မားပြီး ကြုံတွေ့နိုင်သည့် သဘာဝဘေးအန္တရာယ်များ၊ ကြိုတင်ကာကွယ်ရေး နည်းလမ်းများ၊ အယ်လ်နီညိုဖြစ်စဉ်ကြောင့်ဖြစ်ပွားတတ်သည့်ကျန်းမာရေး ဆိုင်ရာ နောက်ဆက်တွဲလက္ခဏာများ၊ ကုသရေးနည်းလမ်းများကို အသိပညာပေး ဟောပြောခဲ့ကြသည်။

**မောင်မောင်(မင်းဘူး)**

# သဘာဝဘေးအန္တရာယ်များ၊ ထိခိုက်ခံစားရသူများနှင့် ထိထိရောက်ရောက် ကူညီကယ်ဆယ်နိုင်ရေး

**စောနိုင်(အသုံးချဘောဂဗေဒ)**

စကြဝဠာထဲတွင် နှစ်ပေါင်း ၄ ဒသမ ၅ ဘီလီယံဝန်းကျင်ဖြစ်တည်လာခဲ့သော ကမ္ဘာကြီးက သက်တမ်းကြာမြင့်လာမှုနှင့်အတူ ၎င်းကို မှီခို၍ရှင်သန်နေထိုင်ကြသည့် လူသားဦးရေကလည်း တဖြည်းဖြည်း တိုးတက်များပြားလာနေသည်။

ကုလသမဂ္ဂအဖွဲ့ကြီး၏ လူဦးရေစာရင်းများအရ ၂၀၂၅-၂၀၂၆ ခန့်မှန်းချက်မှာ ကမ္ဘာ့လူဦးရေမှာ သန်းပေါင်း ၈၀၀၀ ကျော်အထိ ရောက်ရှိနေခဲ့ပြီ။ တိုးတက်များပြားလာသော လူသားတို့သည် ရှင်သန်ရပ်တည်နိုင်ရေးအတွက်လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်းကောင်း လုပ်ဆောင်ကြသည့် တီထွင်ကြံဆမှုများကြောင့် သဘာဝသယံဇာတများကို အဆက်မပြတ် အသုံးပြုလျက်ရှိကြသဖြင့် ကမ္ဘာကြီး၏ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များအပေါ် ထိခိုက်မှုများ ပိုမိုလျှင်မြန်စွာဖြစ်လာနေသည်ဟု ပညာရှင်များ၊ သုတေသီများက သတိပေးမှုများရှိခဲ့သည်။

**ခံနိုင်ရည်ကျဆင်းလာသောကမ္ဘာ**

ယနေ့အချိန်တွင် ကမ္ဘာကြီး၏ ခံနိုင်ရည်အား လျော့နည်းကျဆင်းလာပြီလော။ လူသားတို့ လက်ရှိကြုံတွေ့နေရသော သဘာဝဘေးအန္တရာယ်အမျိုးမျိုး၊ ပြင်းထန်သော ရာသီဥတုအပြောင်းအလဲများက ကမ္ဘာကြီးသည် မူလအခြေအနေနှင့် မတူတော့ကြောင်း၊ ယိုယွင်းပျက်စီးလာနေပြီဖြစ်ကြောင်း လက်တွေ့ကျကျ သက်သေပြသကဲ့သို့ ရှိနေသည်။

**ရာသီဥတုမမှန်ခြင်း၊ ရေ၊ မြေ၊ လေ သဘာဝအခြေအနေအပြောင်းအလဲပြင်းထန်မှုတို့၏ အကျိုးဆက်များအဖြစ် ပြင်းထန်သော သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ဖြစ်လာစေသည်။ စံချိန်တင်အပူလှိုင်းဖြတ်ခြင်း၊ အအေးလှိုင်းဖြတ်ခြင်း၊ မိုးရွာသွန်းမှုပြင်းထန်ခြင်း၊ မုန်တိုင်းများဖြစ်ပေါ်ခြင်း၊ ရေကြီးရေလျှံမှုများဖြစ်ခြင်း၊ ကာလကြာရှည်မိုးခေါင်ခြင်း၊ တောမီးများ မကြာခဏ လောင်ကျွမ်းခြင်း စသည်ဖြင့် အခြေအနေဆိုးများက အကြိမ်ရေစိပ်လာပြီး တစ်ကြိမ်ထက်တစ်ကြိမ် ပို၍ပို၍ပြင်းထန်လာ၏။ ဂေဟစနစ်ပျက်စီးခြင်း၊ လူသားတို့ အသက်ရှင်သန်မှုကို သိသာစွာထိခိုက်လာခြင်း၊ လူသားတို့ ဖန်တီးတည်ဆောက်ထားသော ပစ္စည်းဥစ္စာများနှင့် အခြေခံအဆောက်အအုံများ ထိခိုက်ဆုံးရှုံးမှုများပြားလာခြင်း စသည်ဖြင့် ဆိုးကျိုးသက်ရောက်မှုအမျိုးမျိုးကိုလည်း ပို၍ပင် မျက်မြင်ထင်ရှား ကြုံတွေ့ခံစားနေကြရပြီဖြစ်သည်။**

**အားလုံးဝိုင်းဝန်းဆောင်ရွက်မှသာ**

ကမ္ဘာကြီး၏ဝန်းကျင် စကြဝဠာအတွင်း အပြောင်းအလဲများနှင့် ကမ္ဘာကြီး၏ ရာသီဥတုအခြေအနေအပြောင်းအလဲများက ကမ္ဘာကို မှီခိုနေထိုင်ရသည့် လူသားအပါအဝင် သတ္တဝါမျိုးစုံ၏ ရှင်သန်နေထိုင်မှု၊ ဂေဟစနစ်တည်ရှိမှုများအပေါ် စိုးရိမ်စရာဖြစ်လောက်အောင် ထိခိုက်မှုများရှိလာသဖြင့် ပညာရှင်များ၊ နိုင်ငံ့ခေါင်းဆောင်များက ဆွေးနွေးတိုင်ပင် လုပ်ဆောင်မှုများရှိနေသော်လည်း စိတ်ချလုံခြုံရသောအခြေအနေမျိုးမရရှိသေးပေ။ ထို့ကြောင့် သဘာဝတရား အပြောင်းအလဲများ၏ ဆိုးကျိုးသက်ရောက်မှုများကို ကာကွယ်ဟန့်တားနိုင်ရေး ဆက်လက်၍ ကြိုးစားအားထုတ်နေကြစဉ်မှာပင် အခြားတစ်ဖက်၌ အပြောင်းအလဲများနှင့် လိုက်လျောညီထွေစွာ အသက်ရှင်နေထိုင်နိုင်ရေး နည်းလမ်းသစ်များကိုပါ ရှာဖွေလုပ်ဆောင်နေကြရသည်။

စတန်းဖို့ဒ်တက္ကသိုလ် သုတေသနအဖွဲ့က ဦးဆောင်ပြုလုပ်သည့် လေ့လာမှုတစ်ခု၌ အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံရနိုင်ခြေရှိသူဦးရေသည် တစ်နှစ်ပြီးတစ်နှစ် ပုံမှန်များပြားလာနေပြီး ဘေးအန္တရာယ်ဖြစ်ပွားသည့်အကြိမ်ရေသည်လည်း ပိုမိုများလာနေသည်ဟု ဖော်ပြထားသည်။ မုန်တိုင်းများက ချို့တဲ့နွမ်းပါးသောဒေသများရှိ လူများစွာတို့၏ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းအခြေအနေများကို ခြိမ်းခြောက်လျက်ရှိနေသည်။ အဆိုပါသုတေသန၏ လေ့လာသုံးသပ်ချက်အပိုင်း၌ သဘာဝဘေးအန္တရာယ်သက်ရောက်မှုများ လျော့ပါးသက်သာစေရေး မဟာဗျူဟာများရေးဆွဲရာ၌ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးအောဂျင်စီများ၊ ဖွံ့ဖြိုးရေးဘဏ်များနှင့် အခြားဆက်စပ်သည့်အဖွဲ့အစည်းများ ပါဝင်ကူညီနိုင်ရေးအတွက် လိုက်နာသင့်သည့် အကြံပြုချက်များ ပါဝင်နေသည်။

**သုတေသနများ၏အရေးပါမှု ဂရုပြုစေလို**

**"ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံခဲ့ရတဲ့ လူဦးရေအခြေအနေ၊ စာရင်းဇယားတွေကို နားလည်သိရှိမှုဟာ အဆင့်ဆင့်ဖြစ်ပေါ်လာနိုင်တဲ့ ဘေးအန္တရာယ်အခြေအနေကို နားလည်သဘောပေါက်ဖို့ အားထုတ်တဲ့အခါ တကယ်အရေးပါတဲ့အချက်တွေဖြစ်ပါတယ်"**ဟု လေ့လာမှုတွင် ပါဝင်သည့် စတန်းဖို့ဒ်ဆေးကျောင်းမှ ပါရဂူဘွဲ့လွန်ပညာ သုတေသီဖြစ်သူ Renzhi Jing က ဆိုသည်။ ထို့ပြင် အန္တရာယ်လျော့ပါးသက်သာစေရေးအတွက်လည်းကောင်း၊ ပညာရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကဲ့သို့ လူမှုရေးရည်မှန်းချက်များ အောင်မြင်စေရန်အတွက်လည်းကောင်း ထိုအချက်သည် အထူးအရေးကြီးသည့်ကိစ္စဖြစ်သည်ဟု ၎င်းက ဆက်လက်သုံးသပ်ပြောကြားထားသည်။

**အပူပိုင်းဒေသ ဆိုင်ကလုန်းမုန်တိုင်းများသည် လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာရွာသွန်းစေသည့် တိမ်များ၊ မိုးကြိုး**

> **လေ့လာတွေ့ရှိချက်များအရ (ခန့်မှန်းခြေအားဖြင့်) နှစ်စဉ် ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံရသည့် လူပေါင်းသန်း ၅၆၀ ခန့်ရှိပြီး ထိခိုက်ဒဏ်ရာရရှိမှုအရေအတွက်မှာလည်း တိုးမြင့်လာသည်ကို တွေ့ရှိရသည်။ ထိခိုက်ခံရသူများ၏ အသက်အရွယ်ကိုလေ့လာရာတွင် ကလေးသူငယ်အရေအတွက် ပိုမိုများပြားနေသည်ကို သတိပြုနိုင်သည်။ နောက်ပိုင်းဖြစ်ပွားမှုများတွင် အသက် ၆၀ ကျော်အရွယ် အရေအတွက်ပါ တဖြည်းဖြည်း တိုးလာသည်ဟု ဖော်ပြထားသည်။ မုန်တိုင်းကိုကြုံတွေ့ရသည့် တူညီသောဒေသတစ်ခုတည်းမှာပင် ဆင်းရဲနွမ်းပါးသူများက အခြားသူများထက် လူမှုစီးပွားအရ ပို၍ ထိခိုက်မှုများရှိနေသည်ဟုလည်း သုံးသပ်ထား**

**မုန်တိုင်းများ၏** ပုံမှန်လည်ပတ်စနစ်များဖြစ်ကြပြီး ဒေသအလိုက်ဖြစ်ပေါ်တတ်သည့် အခြေအနေမျိုးဟုဆိုသည်။ စတန်းဖို့ဒ်တက္ကသိုလ် သုတေသနအဖွဲ့၊ အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားရှိ အကျိုးအမြတ်မယူသော မူဝါဒဆိုင်ရာနှင့် သုတေသနအဖွဲ့အစည်း RAND Corporation နှင့် အခြားသောအဖွဲ့အစည်းများမှ သုတေသီတို့သည် ၂၀၀၂ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ကာလများအတွင်း မုန်တိုင်းဒဏ်ခံလူဦးရေ၏ ကမ္ဘာလုံးဆိုင်ရာအခြေအနေအကျဉ်းချုပ်ကို ပုံဖော်နိုင်ရန်အတွက် သုတေသနပြုလုပ်ခဲ့ကြရာ ပိုမိုနီးစပ်သည့်ရလဒ်ရရှိရေးအတွက် လူဦးရေအခြေအနေနှင့် အပူပိုင်းဒေသ မုန်တိုင်းဖြစ်ပွားသည့် နယ်မြေတို့ကို ဆက်စပ်နိုင်သည့် ခန့်မှန်းတွက်ချက်ရေးမော်ဒယ်သစ် Quad-by-Quad parametric wind model ကို အသုံးပြုခဲ့ကြသည်။

လေ့လာတွေ့ရှိချက်များအရ (ခန့်မှန်းခြေအားဖြင့်) နှစ်စဉ် ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံရသည့် လူပေါင်းသန်း ၅၆၀ ခန့်ရှိပြီး ထိခိုက်ဒဏ်ရာရရှိမှုအရေအတွက်မှာလည်း တိုးမြင့်လာသည်ကို တွေ့ရှိရသည်။ ထိခိုက်ခံရသူများ၏အသက်အရွယ်ကို လေ့လာရာတွင် ကလေးသူငယ်အရေအတွက် ပိုမိုများပြားနေသည်ကို သတိပြုနိုင်သည်။ နောက်ပိုင်းဖြစ်ပွားမှုများတွင် အသက် ၆၀ ကျော်အရွယ် အရေအတွက်ပါ တဖြည်းဖြည်းတိုးလာသည်ဟု ဖော်ပြထားသည်။ မုန်တိုင်းကိုကြုံတွေ့ရသည့် တူညီသောဒေသတစ်ခုတည်းမှာပင် ဆင်းရဲနွမ်းပါးသူများက အခြားသူများထက် လူမှုစီးပွားအရ ပို၍ ထိခိုက်မှုများရှိနေသည်ဟုလည်း သုံးသပ်ထားသည်။

ထို့ကြောင့် ပြင်းထန်သော ရာသီဥတုပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်များသည် အဆိုပါဒေသ၏ လူမှုစီးပွားမညီမျှမှုများကို ပိုမိုဆိုးရွားလာစေပြီး လူ့အဖွဲ့အစည်းအတွင်းရှိ ထိခိုက်လွယ်သောအုပ်စုများဆီသို့ ကြီးမားသော ဘေးအန္တရာယ် ဦးတည်သွားသည်။ သက်ဆိုင်ရာအစိုးရများက အဆိုပါအုပ်စုများအတွက် ထိထိရောက်ရောက် ကူညီလုပ်ဆောင်နိုင်ရန် စနစ်တကျအစီအမံများဖြင့် ကြိုတင်ပြင်ဆင်ထားရန် လိုအပ်သည်ဟု လေ့လာမှုက မီးမောင်းထိုးပြထားသည်။

**မလွဲသေချာသည်မှာ**

မည်သည့်ပညာရှင်၊ သုတေသီတို့၏ ရှုမြင်သုံးသပ်ချက်တို့ကို စောင့်နေစရာမလိုဘဲ သိနိုင်သည်မှာ ပြင်းထန်သော သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာပါက အဆိုးရွားဆုံးထိခိုက်ပြီး အပြင်းထန်ဆုံးခံရသူများမှာ ဆင်းရဲနွမ်းပါးသည့်အုပ်စုများသာဖြစ်သည်ဟူသော အချက်ဖြစ်သည်။ ဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် အကျိုးဆက်ဖြစ်ပေါ်လာသည့် စီးပွားရေးနှင့် ကျန်းမာရေးဆိုင်ရာအခက်အခဲများ၊ ဝန်ထုပ်ဝန်ပိုးများသည်လည်း အဆိုပါဆင်းရဲနွမ်းပါးသည့် လူအုပ်စုများဆီသို့သာ ဦးတည်သွားတတ်သည်ကိုလည်း သတိပြုမိနိုင်သည်။

**ကြိုတင်ပြင်ဆင် အချိတ်အဆက်မိမိ လျင်လျင်မြန်မြန်**

စတန်းဖို့ဒ်ဆေးကျောင်း (Standford School of Medicine)မှ ကျန်းမာရေးမူဝါဒဆိုင်ရာ တွဲဖက်ပါမောက္ခနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စတန်းဖို့ဒ်ဝုဒ် အင်စတီကျု (Standford Woods Institute for the Environment)မှ အကြီးတန်းသုတေသီ Eran Bendavid က အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းဒဏ်အပါအဝင် မည်သည့်သဘာဝဘေးအန္တရာယ်မဆိုဖြစ်ပေါ်လာပါက ပါဝင်လုပ်ဆောင်ရမည့်ဌာနများ၊ အဖွဲ့အစည်းများ၏ အချိတ်အဆက်မိမိ၊ အလျင်အမြန် လုပ်ဆောင်နိုင်မှုကသာ ထိထိရောက်ရောက် အထောက်အကူပြုနိုင်လိမ့်မည်ဟု အကြံပြုထားသည်။

ထို့ကြောင့် ဒေသန္တရ အစိုးရအဖွဲ့များ၊ ဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ ပရဟိတအသင်းအဖွဲ့များအနေဖြင့် ဘေးအန္တရာယ်မဖြစ်ခင်၊ မကြုံတွေ့မီကတည်းက သတင်းအချက်အလက်ကိစ္စမှစ၍ လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်အဆုံး ကြိုတင်ချိတ်ဆက်၊ ပြင်ဆင်ဆောင်ရွက်ထားရန် လိုအပ်သည်။

သဘာဝဘေးအန္တရာယ် ပေါ်ပေါက်လာခဲ့ပါမူ ကြိုတင်၍ ဇာတ်တိုက်ပြင်ဆင်ထားသည့်အစီအမံအတိုင်း တုံ့ဆိုင်းမှုမရှိဘဲ လုပ်ဆောင်ရမည်။ သတင်းအချက်အလက်ဖလှယ်မှု အချိတ်အဆက်မိလျက်၊ ပစ္စည်းကိရိယာပြည့်ပြည့်စုံစုံဖြင့် ဖြစ်ပွားနေသည့်နေရာသို့ အလျင်အမြန်ရောက်ရှိလျက် ကူညီပေးနိုင်မှုသည်သာ ထိခိုက်မှုများ လျော့ပါးသက်သာ၍ လူ့အသက်ဘေးအန္တရာယ်များကို ထိထိရောက်ရောက် ကယ်ဆယ်နိုင်ပေလိမ့်မည်။ ။

**Ref: Global population profile of tropical cyclone exposure from 2002 to 2019**

---

**✣ M-League မှ**

ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသည့်အပြင် ခြေစွမ်းမကွာသည့် အသင်းနှစ်သင်း တွေ့ဆုံသောကြောင့် အပြန်အလှန်သွင်းဂိုးများဖြင့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ ရာသီအစ သုံးပွဲဆက်တိုက် နိုင်ပွဲပျောက်ပြီး ပွဲစဉ် (၃) မှ ပထမဆုံးရမှတ်ရယူနိုင်ခဲ့သည့် အား/ကာသိပ္ပံအသင်းသည် လေးပွဲမြောက်တွင် ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့သည်။ အား/ကာသိပ္ပံ အသင်းသည် ခိုင်ရဲဝင်း၊ ဇင်ရဲနောင်၊ မိုးဆွေဆောင်တို့ဖြင့် လူစုံခဲ့သလို သစ္စာအားမာန်အသင်းကလည်း မြတ်ဘုန်းခန့်၊ မင်းမော်ဦး၊ စောမျိုးဇော်၊ ရှိုင်းဝဏ္ဏအောင်တို့ဖြင့် အမာခံကစားသမား အစုံအလင်ဖြင့် အသုံးပြု ခဲ့သည်။ ၃၆ မိနစ်တွင် စောနိုင်က အား/ကာသိပ္ပံအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူကာ ပထမပိုင်းအပြီးတွင် တစ်ဂိုးအသာဖြင့် ဦးဆောင်နေပြီး ဒုတိယပိုင်းတွင် အပြန်အလှန်သွင်းဂိုးများ တွေ့မြင်ခဲ့ရသည်။ မိနစ် ၇၀ တွင် စောဆေးကပေါ်ဆဲ၊ ၈၂ မိနစ်တွင် မိုးဆွေအောင်တို့က အား/ကာသိပ္ပံအသင်းအတွက် ဂိုးများသွင်းယူကာ သစ္စာအားမာန်အသင်းအတွက် ချေပဂိုးများကို ၆၈ မိနစ်တွင် ရှိုင်းဝဏ္ဏအောင်နှင့် ၇၂ မိနစ်တွင် နိုင်ဝင်းထွန်းတို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို အား/ကာသိပ္ပံအသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့သည့် နောက်ခံလူ မိုးဆွေအောင်က ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ၁၀ သိန်း ရရှိသည်။

ပွဲစဉ် (၄) ဒုတိယနေ့ကို အောက်တိုဘာ ၁၇ ရက်တွင် သန်လျင်သီဟဒီပကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး Chinland အသင်းနှင့် ရန်ကုန်စီးတီးအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ဓာတ်ပုံ-ML**

**✶ M-League II မှ**

ရှိုင်ရယ်ဒဂုံအသင်းသည် အဖွင့်ပွဲတွင် အမှတ်ပြည့်ရယူနိုင်ခဲ့သည်။ မြန်မာ့လက်ရွေးစင်ဂိုးသမားဟောင်း ဦးယဉ်မင်းအောင် ကိုင်တွယ်လာသည့် ရှိုင်ရယ်ဒဂုံအသင်းသည် ရလဒ်ကောင်းရယူနိုင်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံခြားသားကစားသမား သုံးဦး ပါဝင်လာခြင်းကြောင့် Enjoy Brother အသင်းထက် ရှန်းအား၊ တိုးအား ပိုကောင်းခဲ့သည်။ ရှိုင်ရယ်ဒဂုံအသင်းအတွက် ဂိုးများကို ၂၄၊ ၅၀ မိနစ်တို့တွင် ရှိုင်းထက်ကျော်၊ ၄၂ မိနစ်တွင် နာနီအဟာန်ဒါက သွင်းယူပြီး Enjoy Brother အသင်းအတွက် ချေပဂိုးကို ၆၃ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် စည်သူကျော်က သွင်းယူသည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို နှစ်ဂိုးသွင်းယူခဲ့သည့် ရှိုင်းထက်ကျော်ကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်းရရှိသည်။

ပွဲစဉ် (၁) နောက်ဆုံးနေ့ကို အောက်တိုဘာ ၁၇ ရက် တက္ကသိုလ်ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရခိုင်ယူနိုက်တက်အသင်းနှင့် Junior Lions အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ၊ဓာတ်ပုံ-ML**

# မြန်မာ့ထောပတ်သီးနှင့် သစ်သီးဝလံပွဲ ၂၀၂၆ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၆

မြန်မာ့ထောပတ်သီးနှင့် သစ်သီးဝလံပွဲ ၂၀၂၆ ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့သူများ အသင်းမှ သိရသည်။

အဆိုပါ မြန်မာ့ထောပတ်သီးနှင့် သစ်သီးဝလံပွဲ ၂၀၂၆ ကို ရန်ကုန်မြို့ မြေပဒေသာကျွန်း(ပုလဲကျွန်း) တွင် အောက်တိုဘာ ၂၄ ရက်မှ ၂၆ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

“သီတင်းကျွတ်ကာလဆိုတာ ဝေးကွာနေကြတဲ့မိသားစုတွေ၊ ချစ်ခင်ရသူတွေပြန်လည်ဆုံစည်းပြီး နွေးထွေးတဲ့အမှတ်တရကောင်းတွေ ဖန်တီးကြတဲ့ အချိန်လေးပဲဖြစ်ပါတယ်။

ပင်ပန်းသမျှတွေ ခဏမေ့ပျောက်ပြီး လာမယ့်သီတင်းကျွတ်ကာလမှာ ချစ်ခင်ရတဲ့သူတွေနဲ့အတူ ပျော်ပျော်ပါးပါး နွှဲပျော်နိုင်ဖို့ ဖိတ်ခေါ်ပါတယ်” ဟု ပွဲတော်ကျင်းပရေး တာဝန်ခံတစ်ဦးက ပြောသည်။

အဆိုပါ ပွဲတော်ကြီးတွင် တောင်ပေါ်ဒေသက မြန်မာ့ထောပတ်သီး တောင်သူကြီးများ၏ တိုက်ရိုက်အရောင်းဆိုင်များ၊ ထောပတ်သီး စားသောက်ကုန်များ၊ အလှကုန်များ၊ ထူးထူးခြားခြားလက်ရာများနှင့် မြည်းစမ်း၍ ကောင်းမည့် စားဖိုမှူးများ၏ ထောပတ်သီး Menu များ၊ ဗဟုသုတရစရာ ထောပတ်သီးပြခန်းများ၊ သစ်သီးဆိုင်ခန်းများ၊ အခြားသော စားသောက်ကုန်၊ လူသုံးကုန်ဆိုင်ခန်းများ ပါဝင်ခင်းကျင်းပြသထားမည်ဟု သိရသည်။

ထို့ပြင် ပအိုဝ်း၊ ဓနု၊ ရှမ်းတို့၏ ချစ်စရာ တိုင်းရင်းသားအကအလှများ၊ တေးဂီတ ဖျော်ဖြေရေးအစီအစဉ်များ၊ ပျော်ရွှင်စရာ Game အစီအစဉ်များ အပြည့်အစုံပါဝင်မည့် Fun Festival ကြီးဖြစ်ကြောင်းသိရသည်။

စားသောက်ကုန်၊ အလှကုန်များ၊ လက်မှုအနုပညာပစ္စည်းများနှင့် အဝတ်အထည်ဆိုင်ခန်းပေါင်း ၇၀ ကျော် ပါဝင်မည့် အဆိုပါပွဲတော်ကြီးတွင် ထုတ်ကုန်လုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ Sponsor များအား ဖိတ်ခေါ်ထားကြောင်း သိရသည်။ TWA

## ဝန်းသိုမြို့၌ ဈေးမီးဘေးလုံခြုံရေးစစ်ဆေး

ဝန်းသို အောက်တိုဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကာလအတွင်း ဈေးမီးဘေးလုံခြုံစေရေးနှင့် ဈေးသူ ဈေးသားများ



မီးလန့်မှုမဖြစ်ပေါ်စေရေးအတွက် မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် ဇာတ်တိုက် လေ့ကျင့်ခြင်းတို့ကို ယနေ့နံနက် ၈ နာရီက မြို့မဈေးတွင် ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကောလင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ခရိုင်လဝက ဦးစီးမှူး ဦးမောင်မောင်ကြည်နှင့် ဝန်ထမ်းများပူးပေါင်းအဖွဲ့တို့က မြို့မဈေးအတွင်း မီးငြိမ်းသတ်ရေးအတွက် ရေလုံလောက်စွာ သိုလှောင်ထားရှိမှုနှင့် လျှင်မြန်ထိရောက်စွာ မီးငြိမ်းသတ်နိုင်ရေး ဆောင်ရွက်ထားရှိမှုတို့ကိုစစ်ဆေးပြီး ဈေးသူဈေးသားများအား မီးဘေးအန္တရာယ်နှင့် အယ်လ်နီညိုအပူဒဏ်အန္တရာယ် ကာကွယ်ရေးတို့ကို အသိပညာပေးပြောကြားကာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး သင်တန်းဖွင့်

ကော့မှူး အောက်တိုဘာ ၁၆

တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး ဆင့်ပွားသင်တန်းကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရာတွင် လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ စာရင်းရေးသွင်းရမည့် နည်းလမ်းများကို ရှင်းလင်းပို့ချပေးသည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ စုစုပေါင်း ၁၂၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ကျော်သူရ(ပြန်/ဆက်)





## လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်လှစ်

သထုံ အောက်တိုဘာ ၁၆

သထုံမြို့၌ လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းမှုအခြေခံသင်တန်းကို အမှတ် (၇) အလတ်စား စက်ပြင်အလုပ်ရုံ သင်တန်းခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ဖွင့်လှစ်သည်။ ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အမှတ်(၇) အလတ်စား စက်ပြင်အလုပ်ရုံမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၁၅ ရက်မှ နိုဝင်ဘာ ၁၁ ရက် အထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ဦးစီးပဓာန နာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မင်းကျောင်းဆရာတော်ကြီးနှင့် ကျောင်းတိုက်အတွင်း သီတင်းသုံးလျက်ရှိသည့် သံဃာတော်များအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သန်လျင်မြို့နယ်ဦးစီးမှူး ဦးဖွဲ့မင်းဦးနှင့် ဝန်ထမ်းများက အောက်တိုဘာ ၁၄ ရက်တွင် UID ကတ် ကောက်ယူဆောင်ရွက်ပေးစဉ်။

သန်းဝင်း(သန်လျင်)



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက အောက်တိုဘာ ၁၃ ရက်တွင် ရွှေဘိုမြို့ ပုခန်းကျောင်းတိုက်၌ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ပုခန်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိသုတနှင့် သံဃာတော်အရှင်သူမြတ်တို့အား UID ကတ် ထုတ်ပေးခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပေးပြီး တာဝန်ရှိသူတစ်ဦးက ဆရာတော်ထံ UID ကတ်များ ဆက်ကပ်စဉ်။ ခရိုင်(ပြန်/ဆက်)



ဝိုင်းမော်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီနှင့် ဝိုင်းမော်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကြုံတွေ့နိုင်သည့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဟောပြောပွဲကို အောက်တိုဘာ ၁၅ ရက်က ဝိုင်းမော်မြို့နယ် နောင်တာလောကျေးရွာ သာသနာ့ရက္ခိတဘုန်းတော်ကြီးကျောင်း ဓမ္မာလင်္ကာရဓမ္မာရုံတွင် ကျင်းပစဉ်။

စာမဆီး(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့ မြို့မဈေးအတွင်း အောက်တိုဘာ ၁၆ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည့်လုပ်ငန်းများ၊ မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရမည့်လုပ်ငန်းများကို လက်တွေ့သရုပ်ပြစဉ်။

တင်ဇာလွင်(ပြန်/ဆက်)

✻ **အင်းသားရိုးရာမှ**

အဆိုပါပြိုင်ပွဲများတွင် အမျိုးသားရာကျော် လှေလှော်ပြိုင်ပွဲ၊ အမျိုးသား ၄၆ တက် လှေလှော်ပြိုင်ပွဲ၊ အမျိုးသမီး ၂၆ တက် လှေလှော်ပြိုင်ပွဲ၊ ကျောင်းသား ၂၆ တက် လှေလှော်ပြိုင်ပွဲများတွင် ပြိုင်ပွဲဝင်အသင်းများ၏ စည်းလုံးညီညွတ်မှု စိတ်ဓာတ်အပြည့်ဖြင့် ပါဝင်ယှဉ်ပြိုင်နေမှုများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ ကြည့်ရှုအားပေးကြပြီး ပါဝင်ယှဉ်ပြိုင်ကြသော လှေအသင်းများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များနှင့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

အဆိုပါ အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲတွင် ရာကျော် လှေလှော်ပြိုင်ပွဲ၊ အမျိုးသား ၄၆ တက် လှေလှော်ပြိုင်ပွဲ၊ အမျိုးသမီး ၂၆ တက်လှေလှော်ပြိုင်ပွဲ၊ ကျောင်းသား ၂၆ တက် လှေလှော်ပြိုင်ပွဲ အုပ်စုပွဲစဉ်များ၌ အနိုင်ရရှိသည့် အသင်းများသည် ညောင်ရွှေမြို့သို့ အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားရုပ်ရှင်တော်မြတ်များ ကြွချီအပူဇော်ခံမည့် အောက်တိုဘာ ၁၈ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည့် အင်းလေးရိုးရာလှေလှော်ပြိုင်ပွဲတွင် အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲစဉ်များကို ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဆက်လက်၍ အင်းလေးရေပြင်တွင် ကျွန်းမျောရိုင်းများကို စက်ယန္တရားများဖြင့်လည်းကောင်း၊ အင်းရေပြင်တွင် မှော်များ၊ ဒိုက်များ၊ ဗေဒါများကို စက်အား၊ လူအားဖြင့်လည်းကောင်း စုပေါင်းရှင်းလင်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်သည် ညောင်ရွှေမြို့နယ် အိုင်ထောင့်ကြီးကျေးရွာတွင် လျှပ်စီးဒဏ်ကြောင့် ပျက်စီးသွားသော အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ပြန်လည်ဆောက်လုပ်ပြီးစီး၍ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲမှ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့်တာဝန်ရှိသူများနှင့်အတူ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**




## ခရမ်းမြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး သင်တန်းဖွင့်လှစ်

**ခရမ်း အောက်တိုဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး သင်တန်းကို အောက်တိုဘာ ၁၄ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ တိရစ္ဆာန်ကောင်ရေ ကောက်ယူရေး မြို့နယ်အဆင့် ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပို့ချသည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၆၆ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**ခင်နှင်းဝေ(ပြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်တွင် မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြခြင်းကို အောက်တိုဘာ ၁၅ ရက်က မြို့မဈေး၌ ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိနှင့် မြို့နယ်စည်ပင်သာယာဝန်ထမ်းများနှင့် တာဝန်ရှိသူများက လက်တွေ့မီးငြိမ်းသတ်သရုပ်ပြလေ့ကျင့်ခြင်းကို ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

## ခရိုင်အဆင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း သုံးသပ်ဆွေးနွေးပွဲကျင်းပ

**ပြည် အောက်တိုဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခရိုင်အဆင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) သုံးသပ်ဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက အဆိုပါ ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက အမှာစကားပြောကြားပြီး ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့နယ်ဦးစီးမှူးများက အားနည်းချက်၊



အားသာချက်၊ အကြံပြုချက်များကို ဆွေးနွေးကြပြီး တာဝန်ရှိသူများက သုံးသပ်အကြံပြု၍ ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သုတ**

## ကံမမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြော



**ကံမ အောက်တိုဘာ ၁၆**

ကံမမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ မြို့နယ်ခန်းမ၌ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနက မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေး မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းကို ယမန်နေ့နံနက်ပိုင်းတွင် ဆောင်ရွက်ခဲ့ရာ ကံမမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရဲမင်းခေါင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကောင်းစစ်နိုင်**




ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် မြို့မစည်ပင်သာယာဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြပွဲနှင့် အသိပညာပေးဆွေးနွေးခြင်းတို့ကို အောက်တိုဘာ ၁၆ ရက်တွင် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းမှ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

## "အများသိစေရန်အသိပေးကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ခင်အေး [၁၂/ဒဂန(နိုင်)၀၁၇၉၈၃]၊ အမှတ်(၁၀၆၂)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ မြေကွက်အမှတ်(၁၀၆၂)၊ ဧရိယာ(၀.၀၆၂)ရှိ မြေကွက်သည် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိသော မြေကွက်ဖြစ်ပါသည်။ ယခုအခါ ယင်းမြေကွက်၏ ၁၉၉၅ ခုနှစ် (မြေငှား) အမှုတွဲအမှတ်-စွမ်းအင် (ဒဂုံမြောက်) ၉၄(၁၈၆)အရ ထုတ်ပေးထားသော မြေငှားဂရန်မူရင်းသည် ပျောက်ဆုံးသွားပါသောကြောင့် ၎င်းမြေငှားဂရန်မူရင်းအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အာမခံထားရှိခြင်း၊ လက်ခံထားရှိခြင်းများမပြုလုပ်ရန်နှင့် ပြုလုပ်ပါက ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူနှင့် သက်ဆိုင်ခြင်းမရှိဘဲ ဥပဒေအရအရေးယူခြင်းခံရမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအေးချမ်းမောင်မောင်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၆၃၄၇)**
**တိုက်-၉/၁၁၊ အခန်း(၃၀၂-စီ)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၇၈၃၅၂၅၃၃၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၄)ရပ်ကွက်၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)၊ တိုက်အမှတ်-၂၁၂၊ ပထမထပ်(ဝဲ)ဟု ခေါ်တွင်သော အကျယ်အဝန်း(၂၅ပေx၆၀ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ၎င်းတို့မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူများဖြစ်သော ဦးထွန်းထွန်းငွေ [၁၂/ကတတ(နိုင်)၀၀၆၆၈၉]နှင့် ဒေါ်စုစုငွေ [၁၂/ကတတ(နိုင်)၀၀၆၆၈၈]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်အောင် [၁၂/ပဇတ(နိုင်)၀၀၆၀၃၅]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်း၏တန်ဖိုး စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးမြတ်မွန် (LL.B, LL.M, M.Res)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၉၉၀၀)**
**အမှတ်(၅)၊ အာသာဝတီလမ်း၊ (ခ)ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၂၅၄၀၆၈၇၇၅၊ ၀၉-၉၆၉၈၄၉၂၃၃**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅ ၊ နည်းဥပဒေ ၂၀)
## ကျောက်တံတားခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆၆

| | | |
|---|---|---|
| ဦးရီရှောင်လင်း | နှင့် | ၁။ ဒေါ်မြမြခိုင်<br>၂။ ဦးမျိုးမင်းဦး |
| **တရားလို** | | **တရားပြိုင်များ** |

**ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးဘဟန်လမ်းသွယ်၊ အမှတ်(၁၆)နေ တရားပြိုင် - (၁) ဒေါ်မြမြခိုင်နှင့် တရားပြိုင် - (၂) ဦးမျိုးမင်းဦး (ယခုနေရပ်လိပ်စာမသိ)**သူတို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက **"တိုက်ခန်းတန်ဖိုး ကာလပေါက်ဈေးငွေကျပ်-၂၉၀,၀၀၀,၀၀၀/- (ကျပ်သိန်းနှစ်ထောင့်ကိုးရာတိတိ)နှင့် နစ်နာကြေးငွေကျပ်-၃၀,၀၀၀,၀၀၀/-(သိန်းသုံးရာကျပ်တိတိ)၊ စုစုပေါင်းငွေကျပ်-၃၂၀,၀၀၀,၀၀၀/-(ကျပ်သိန်းသုံးထောင့်နှစ်ရာတိတိ)ရလိုမှု"**နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ **၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်။ (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၃** ရက်) နံနက် (၉:၃၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် (၁) လိုအပ်သော စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

**၂၀၂၆** ခုနှစ်၊ **အောက်တိုဘာ**လ၊ **၁၆** ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြူဖြူဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ကျောက်တံတားခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၄/စီးဖြိုးဇုန်)၊ မြေကွက်အမှတ်-၉၀ ၊ မြေကွက်တည်နေရာအမှတ်-၉၀၊ လောပိတလမ်း၊ ၆၄/စီးဖြိုးဇုန်ရပ်ကွက်၊ ဒဂုံတောင် ဒေါ်ညိုညိုစိန် [၁၂/သကတ(နိုင်)၁၀၃၉၂၉] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်ညိုညိုစိန်ထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်အမှတ်-၇၆၈၁(၄-၉-၂၀၂၅)ဖြင့် ပိုင်ဆိုင်သူ ဦးခင်မောင်ကြီး [၁၂/သကတ(နိုင်)၁၂၈၈၁၇]မှ နှစ်(၆၀)မြေငှား စာချုပ်ဂရန်မူရင်းပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ နှစ်(၆၀)မြေငှားစာချုပ်ဂရန်မူရင်းမှာ မိမိ၏လက်ဝယ်တွင် သိမ်းဆည်းထားရာမှ အထားအသိုမှားယွင်း၍ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ အဆိုပါ မြေကွက်နှင့် ဂရန်မူရင်းတို့အား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်း၊ အရှုပ်အရှင်း ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက မိမိကသာ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုကတိသစ္စာပြုလွှာအမှတ်-၂၉၉၇/ ၂၀၂၆(၁၀-၃-၂၀၂၆)၊ ဇနီး သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ပိုင်ဆိုင်ကြောင်းစာချုပ်၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၁)ထပ် Steel Structure အဆောက်အဦ(၁)လုံးရှိပြီး ဦးခင်မောင်ကြီးမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ၎င်း၏ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ရဲဘော် (၁) လမ်း၊ အမှတ်- ၁၃၉၀ ဟုခေါ်တွင်သော အကျယ်အဝန်း အလျား(၁၄)ပေxအနံ(၄၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်ခွဲတိုက် အဆောက်အဦတစ်လုံး၊ ယင်းအဆောက်အဦတွင်ရှိသော လျှပ်စစ်မီတာ၊ အဝီစိတွင်းရေ၊ ဂျိုးဖြူရေ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို ရောင်းချခွင့်ရှိသူ ဒေါ်တင်တင်ခိုင် [၈/မမန(နိုင်)၁၆၀၃၉၇]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ယင်းအိမ်ခြံမြေ အရောင်းအဝယ်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစပြီး (၅)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တရားဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန်းတင့် [B.A (Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၂၀၂၀)**
**အမှတ် - ၅၈၈၊ ယုဇနလမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်။**
**ဖုန်း- ၀၉ ၅၀၉၉၆၃၇**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိပ်ကုန်းရပ်ကွက်၊ သဃ်ာန်းကျွန်းကြီးကျေးရွာ၊ ရေဝတီလမ်း၊ အမှတ်(၁၃)ရှိ ကျေးရွာအမည်-ပေါက်ကုန်း၊ ကွင်းအမှတ် (၅၃၂-စီ ၉/၈)၊ ကွင်းအမည်(မှန်နီဇလုပ်တောင်ကွင်း)၊ ဦးပိုင်အမှတ်(၁၈/ဃ)၊ မြေကွက်အကျယ်အဝန်း(၂၀x၁၈၃)ပေ မြေကွက်ကို ဒေါ်သန်းနွဲ့ [၁၂/မဂဒ(နိုင်)၀၅၈၄၆၂]မှ ပိုင်ဆိုင်ကြောင်း ဝန်ခံ၍ ရောင်းချရာ ဦးကျော်ဇော (ခ) အာမက် [၁၂/ပဘတ (နိုင်) ၀၂၃၂၄၂]မှ ဝယ်ယူရန် သဘောတူ၍ (၁၃-၁၀-၂၀၂၆) ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသဖြင့် မည်သူမဆို ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ဇော(ခ)အာမက်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိလတ်ဖြိုး**
**အထက်တန်းရှေ့နေ (စဉ်-၃၀၈၀၇)**
**ဖုန်း - ၀၉-၄၃၀၇၃၃၁၈၊ ၀၉-၇၈၅၀၁၁၁၅၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ ဗိုလ်နက်ကျော်လမ်း၊ အမှတ်(၁၉)နေ ဒေါ်စန်းစန်းဝင်း [၁၂/သဃက(နိုင်)၀၆၁၈၄၅]သည် မိမိ ဥပဒေနှင့်အညီ ပိုင်ဆိုင်လက်ရှိထားသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ မြေကွက်အမှတ်(၁၃၇)၏ ခေါင်းရင်းဘက် တောင်ဘက်အခြမ်း၊ အလျား(၂၀ပေ)xအနံ(၆၀ပေ)မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဗိုလ်နက်ကျော်လမ်း၊ အမှတ်(၁၉)ဟု ခေါ်တွင်သည့် အလျား(၁၆ပေ)xအနံ(၃၈ပေ)တစ်ထပ်အုတ်တိုက်အိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို သားချင်းသဖွယ်ချစ်ခင်မြတ်နိုးသော တူအရင်းအချာဖြစ်သော မောင်သန့်ဇေယျာလွင် [၁၂/ဒဂန(နိုင်)၀၃၀၃၃၉]၊ အမှတ်(၈)၊ တရုတ်ဘုံကျောင်းလမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေသူအား (၁၂-၈-၂၀၂၆)ရက်နေ့တွင် လက်ထိလက်ရောက် မေတ္တာဖြင့် အပိုင်ပေးကမ်းလွှဲအပ်ခြင်းအား ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိလတ်ဖြိုး အထက်တန်းရှေ့နေ (စဉ်-၃၀၈၀၇)**
**ဖုန်း - ၀၉ ၄၃၀၇၃၃၁၈**

## "အများသိစေရန် အသိပေးကြေညာခြင်း"

ကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါ်ဝိုင်းဟန်နီဝင်း(ခ) ဆာဂျီဒဟ်ဘီ [၁၂/တမန(နိုင်)၂၉၅၇၀၉]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ဝိုင်းဟန်နီဝင်း (ခ) ဆာဂျီဒဟ်ဘီနှင့် ဦးရဲကိုထိုက် (ခ) မုဟမ္မဒ်ဂျမာလ် [၁၂/ဒဂတ(နိုင်)၁၁၈၉၀၉]တို့သည် (၅-၁၂- ၂၀၁၃)ရက်နေ့ကတည်းက နိကာဟ်ပြု လက်ထပ်ထိမ်းမြားခဲ့ကြပြီး သမီး(၁)ဦး ထွန်းကားခဲ့ကာ ယနေ့ထိတိုင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝိုင်းဟန်နီဝင်း(ခ) ဆာဂျီဒဟ်ဘီသည် ဦးရဲကိုထိုက် (ခ) မုဟမ္မဒ်ဂျမာလ်၏ တရားဝင်ဇနီးတစ်ဦးဖြစ်ပြီး ကျွန်ုပ်မိတ်ဆွေ၏ အိမ်ထောင်ရေးပျက်ပြားစေရန် ကြံရွယ်ကြသူများဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေ ဂုဏ်သိက္ခာကျအရှက်ရစေရန် ပတ်ဝန်းကျင်တွင် မဟုတ်မမှန်ပြောဆိုချက်များဖြင့်ဖြစ်စေ၊ Facebook, TikTok, လူမှုကွန်ရက်စာမျက်နှာပေါ်၌ ကျွန်ုပ်မိတ်ဆွေ၏ အမည်၊ ဓာတ်ပုံများအား ခွင့်ပြုချက်မရဘဲ ဖြန့်ဝေခြင်း၊ ရေးသားခြင်း၊ မှတ်ချက်ရေးပြုခြင်းတို့ မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝိုင်းဟန်နီဝင်း (ခ) ဆာဂျီဒဟ်ဘီမှ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဒေါ်ဝိုင်းဟန်နီဝင်း (ခ) ဆာဂျီဒဟ်ဘီ** | **ဒေါ်ရတနာလှိုင်** |
| **[၁၂/တမန (နိုင်) ၂၉၅၇၀၉]** | **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၄၉၆၄)** |

**အမှတ် (၄၄)၊ ၁၂၂-လမ်း၊**
**ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉ ၉၆၅၀၄၃၉၅၅**

## "ဦးဌေးအောင် [၁၂/ကမတ (နိုင်) ၀၄၃၇၁၇]နှင့် အများသိစေရန်ကြေညာချက်"

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော နာဂူမီရာ (ခ) ဦးတင်မြင့် [၁၂/သဃက(နိုင်) ၁၄၄၂၂၁]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးဌေးအောင် [၁၂/ကမတ(နိုင်) ၀၄၃၇၁၇]နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေက ဦးဌေးအောင် [၁၂/ကမတ(နိုင်)၀၄၃၇၁၇]ထံမှ ၎င်းအမည်ပေါက်ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၈) ရပ်ကွက်၊ အမှတ်- ၁၅၁၁(က)နှင့် ၁၅၁၁(ခ)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်-၁၅၁၁(က+ခ)၊ ဧရိယာ(၂၀.၉' x ၆၀')စီရှိသော မြေကွက်(၂)ကွက်တွဲနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အဦ (၁)လုံးကို အပြီးအပိုင် အပြေအကျေပေးချေ၍ လက်ရောက်ဝယ်ယူခဲ့ပါသည်။ မြေနှင့်အိမ် အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ပါအတိုင်း တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ကျွန်ုပ်၏မိတ်ဆွေအမည်ပေါက် မြေအမည်ပြောင်းရန် ကတိပဋိညာဉ်ပါအတိုင်း ဆောင်ရွက်ပေးပါရန် ယခုကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ဆက်သွယ်ပေးပါရန်နှင့် သတ်မှတ်ရက်အတွင်း လာရောက်ဆောင်ရွက်ပေးခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **နာဂူမီရာ (ခ) ဦးတင်မြင့်** | **ဒေါ်ရတနာလှိုင်** |
| **[၁၂/သဃက (နိုင်) ၁၄၄၂၂၁]** | **တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၄၉၆၄)** |

**အမှတ် (၄၄)၊ ၄-လွှာ၊ ၁၂၂-လမ်း၊**
**ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၉၆၅၀၄၃၉၅၅**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၃၂ /၂၀၂၆-၂၀၂၇)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (က) | MOGE-OS-002 (2026-2027) RE | 24'' Offshore Domestic Gas Pipeline Freespan Rectification Services | MMK |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ ဘဏ္ဍာရေးဌာန(ရုံးချုပ်)၊ နေပြည်တော်တွင် **၁၆-၁၀-၂၀၂၆** ရက်နေ့မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို **၁၃-၁၁-၂၀၂၆ ရက်၊ (၁၃:၀၀)**နာရီတွင် နောက်ဆုံးထား၍ ရတနာခန်းမ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်သို့ **(လူကိုယ်တိုင်)**လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ဖုန်း - ၀၆၇-၃၄၁၁၃၃၁**

## ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးလျှောက်ထားခြင်း

ယာဉ်အမှတ် 6K/1217 ၊ အမျိုးအမည်၊ TOYOTA DYNA၊ အမျိုးအစား Light Truck ၊ ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်သန်းစုခိုင်၊ မှတ်ပုံတင်အမှတ် [၅/မရန(နိုင်)၂၅၉၉၈၃]မှ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်-

**က.ည.န၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး၊ မုံရွာ**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ ကွင်းရပ်ရပ်ကွက်၊ အကွက်အမှတ်(၇၅)၊ အကွက်အမည်(ကွင်းရပ်)၊ ဦးပိုင်အမှတ်(၁၇ᵃ)၊ မြေဧရိယာ(၀.၀၃၇)ဧကရှိဘိုးဘွားပိုင်မြေကွက်သည် မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန(၁-က)စာရင်းတွင် ဦးရွှေကိုအမည်ဖြင့် မှတ်သားတည်ရှိပြီး ဦးရွှေကိုထံမှ ဦးဟိန်းသူအောင်နှင့် ဒေါ်သပြေဝင်းတို့သည် မော်လမြိုင်မြို့၊ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်-၅၀၁/၂၀၂၅အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးဟိန်းသူအောင်နှင့် ဒေါ်သပြေဝင်းတို့သည် အထက်ဖော်ပြပါမြေကွက်ကို ၎င်းတို့၏အမည်သို့ ပြောင်းလဲပေးပါရန် လျှောက်ထားလာသဖြင့် တစ်စုံတစ်ရာကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ရက်ပေါင်း (၃၀)အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာ ကန့်ကွက်မှုမရှိပါက ဦးဟိန်းသူအောင်နှင့် ဒေါ်သပြေဝင်းတို့မှ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်း၊ ညွှန်ကြားချက်များနှင့် အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့။**

## ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးလျှောက်ထားခြင်း

ယာဉ်အမှတ် 3H/9201 ၊ အမျိုးအမည်၊ SUZUKI CARRY DA63T ၊ အမျိုးအစား Pick up(4x2)(R)၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးညွန့်ဝင်း မှတ်ပုံတင်အမှတ် [၅/ကနန(နိုင်) ၀၀၇၃၀၄]မှ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေညာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်-

**က.ည.န၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး၊ မုံရွာ**

## နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်အောင်ကျော် [၉/ခမစ(နိုင်) ၀၀၆၁၄၈]နှင့် ဒေါ်ကေခိုင်ထွန်း [၇/ပခန(နိုင်)၂၁၆၄၆၀]တို့သည် (၁၅-၁၀-၂၀၂၆)ရက်နေ့တွင် ဂုဏ်သရေရှိလူကြီးများနှင့် အသိသက်သေများရှေ့မှောက်တွင် တရားဝင်ကွာရှင်းပြတ်စဲပြီးပါ၍ ဦးအောင်အောင်ကျော်နှင့် ဒေါ်ကေခိုင်ထွန်းတို့သည် (၁၅-၁၀-၂၀၂၆)ရက်နေ့မှ စတင်၍ လူမှုရေး၊ စီးပွားရေး တစ်စုံတစ်ရာ မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါရန်**
**ဦးအောင်အောင်ကျော်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မေသန္တာဦး (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၈၀၄၆)**
**ဖုန်း-၀၉-၄၂၈၁၄၄၅၇၅**

## (၃-၉-၂၀၂၆)ရက် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၂)ပါ ဒေါ်တင်ဝင်း [၁၂/တမန (နိုင်) ၀၂၉၅၄၉]၏ ကြော်ငြာစာအပေါ် ကန့်ကွက်ကြောင်း ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ၃၄-ရပ်ကွက်၊ တောင်သရက်လမ်း၊ အမှတ်(၅၃၆) (ယခု ဂျပန်နိုင်ငံ၊ တိုကျိုမြို့ ခေတ္တနေထိုင်သူ) ဒေါ်ခင်မွန်မွန်ဝင်း [၇/သနပ (နိုင်) ၀၆၁၇၈၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည် -

လူကြီးမင်း၏ကြော်ငြာစာ၌ ဒေါ်ခင်မွန်မွန်ဝင်းအား (ယခုနေရပ်လိပ်စာမသိသူ)ဟု ဖော်ပြကြေညာခြင်းမှာ မမှန်မကန်ကြေညာခြင်းဖြစ်ပါသည်။ လူကြီးမင်းနှင့် ဒေါ်ခင်မွန်မွန်ဝင်းတို့ အပြန်အလှန်စာများပေးပို့ကြသည်မှာ (၂၇-၇-၂၀၂၆)ရက်နေ့အထိ တွေ့ရှိရပါသည်။

လူကြီးမင်းနှင့် ကန်ထရိုက်တာဒေါ်ခင်မွန်မွန်ဝင်းတို့ "မြေရှင်နှင့်ကန်ထရိုက်တာတို့ ၈ ထပ်အဆောက်အဦဆောက်လုပ်ရန်အတွက် နှစ်ဦးသဘောတူစာချုပ်"တစ်ရပ်ကို ၂၀၂၃-ခုနှစ်၊ အောက်တိုဘာလ (၉)ရက်နေ့တွင် ချုပ်ဆိုပြီးခြင်း၊ မြေပြင်ရှင်းလင်းခြင်း၊ မြေတူးခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ပြီး အဆောက်အဦဆောက်လုပ်ရန် ခွင့်ပြုမိန့်မှာ (၂၅-၉-၂၀၂၄)ရက်နေ့တွင် ရရှိခဲ့ခြင်းဖြစ်ပါသည်။

အဆောက်အဦဆောက်လုပ်ခွင့်ပြုမိန့်ရရှိသည်နှင့်တစ်ပြိုင်နက် အဆောက်အဦပိုင်ရိုက်ခြင်း၊ Foundation ၄ လိုင်းတွင် ၂ လိုင်းအထိ ပြီးစီးခဲ့ပြီးဖြစ်ပါသည်။ ယင်းအချိန် ဒေါ်ခင်မွန်မွန်ဝင်း ဂျပန်နိုင်ငံသို့သွားရောက်ရာတွင်လည်း တိုက်အဆောက်အဦအား အရှိန်မပျက်ဆက်လက်ဆောက်လုပ်ရန် စီစဉ်ထားရှိဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဆောက်လုပ်နေစဉ် ဝန်ထမ်းအချို့၏ မသမာမှုများဖြစ်ပေါ်ခဲ့သဖြင့် တိုက်အဆောက်အဦဆောက်လုပ်ခြင်းကို အနီးကပ်ကြီးကြပ်နိုင်သူ၊ အတွေ့အကြုံကြွယ်ဝသူအား ဆောင်ရွက်စေရန် လူကြီးမင်းအား ညှိနှိုင်းဆွေးနွေးရာတွင် အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးရသည်မှာ "(၁၀)လ" ကြာမြင့်ခဲ့ပါသည်။ ယင်းအချိန်ကာလများကို တိုက်အဆောက်အဦဆောက်လုပ်ရန်ကာလအတွင်း သတ်မှတ်၍ မရနိုင်ပါ။ ဒေါ်ခင်မွန်မွန်ဝင်းသည် တိုက်အဆောက်အဦအား ဆက်လက်မဆောက်လုပ်လိုတော့ခြင်း၊ မဆောက်နိုင်ခြင်း လုံးဝမဟုတ်ပါ။ ရပ်ဝေးရောက်ရှိနေသဖြင့် ဝန်ထမ်းများမသမာမှုရှောင်လွှဲနိုင်ရန် အနီးကပ်ကြီးကြပ်မည့်သူအား စီစဉ်ရခြင်းဖြစ်ပါသည်။ ထိုသို့ ဆွေးနွေးနေသည့်ကာလများတွင် တိုက်အဆောက်အဦဆောက်လုပ်ခြင်းအား ခေတ္တရပ်ဆိုင်းခြင်းဖြစ်ပါသည်။

ဒေါ်ခင်မွန်မွန်ဝင်းအနေဖြင့် အဆောက်အဦဆောက်လုပ်ခြင်းကို စွန့်လွှတ်ခြင်းမပြုသကဲ့သို့ လုပ်ငန်းခွင်ရှိပစ္စည်းများမှာလည်း စွန့်ပစ်ပစ္စည်းများဟု တစ်ဖက်သတ်သတ်မှတ်ခြင်းကို လက်မခံ ကန့်ကွက်ပါသည်။ အဆောက်အဦ ဆောက်လုပ်ခြင်းလုပ်ငန်းခွင်အတွင်းရှိ ပစ္စည်းများသည် အဖိုးထိုက်တန်သော တန်ဖိုးရှိပစ္စည်းများ ဖြစ်ပါသဖြင့် ထိပါးနှောင့်ယှက်ကျူးလွန်သူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဆွေဆွေညိမ်း (LL.B, D.B.L, D.A.Psy)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၃၀)**

| | |
|---|---|
| **ဦးကောင်းထက်ဇော် (LL.B)** | **ဦးလွင်မိုးအောင် (LL.B, D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၉၈၉)** | **အထက်တန်းရှေ့နေ (စဉ်-၅၅၅၃၂)** |

**ရုံးအမှတ်-၁၄၅၊ (ပ-အေ)၊ ၃၇-လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph: 09-5082234, 09-456002829**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



ရှိုင်ရယ်ဒဂုံအသင်းနှင့် Enjoy Brother အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## M-League II ပြိုင်ပွဲတွင် ရှိုင်ရယ်ဒဂုံအသင်း အမှတ်ပြည့်ရယူ

ရန်ကုန် အောက်တိုဘာ ၁၆

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာလိဂ်တို့ ကြီးမှူး၍ Grand Royal၊ AYA Bank နှင့် AYA Pay တို့၏ အဓိကပံ့ပိုး ကူညီမှုဖြင့်ကျင်းပသည့် ၂၀၂၆-၂၀၂၇ ရာသီ Grand Royal M-League II ပြိုင်ပွဲ ပွဲစဉ် (၁) ဒုတိယနေ့ကို အောက်တိုဘာ ၁၆ ရက်တွင် တက္ကသိုလ်ကွင်း၌ကျင်းပရာ ရှိုင်ရယ်ဒဂုံ အသင်းက Enjoy Brother အသင်းကို သုံးဂိုး - တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ယခင်က M-League II ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် Glory Goal အသင်းကို အမည်ပြောင်းလဲထားသည့်

စာမျက်နှာ ၁၇ ကော်လံ ၅ သို့ ✶



## အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ အုပ်စုအဆင့်ပြိုင်ပွဲများ ကျင်းပ

ညောင်ရွှေ အောက်တိုဘာ ၁၆

အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များ ညောင်ရွှေမြို့သို့ ဒေသစာရီ ကြွချီအပူဇော်ခံမည့် ပွဲတော်တွင် နှစ်စဉ်စည်ကားသိုက်မြိုက်စွာကျင်းပသည့် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ အုပ်စုအဆင့်ပြိုင်ပွဲများကို ယနေ့တွင် ကျင်းပသည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❃

## ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

### စုပေါင်းတံခွန်စိုက်ဆုဖလားနှင့် အမျိုးသားတံခွန်စိုက်ဆုဖလားကို ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ အမျိုးသမီး တံခွန်စိုက်ဆုဖလားကို ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ဆွတ်ခူးရရှိ

နေပြည်တော် အောက်တိုဘာ ၁၆

အားကစားရေးရာ ဝန်ကြီးဌာန အနေဖြင့် မျိုးဆက်သစ် ပြေးခုန်ပစ် အားကစားသမားများ ပေါ်ထွက် လာစေရေးနှင့် ပြေးခုန်ပစ် အားကစားနည်း ပိုမိုဖွံ့ဖြိုး တိုးတက်လာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာ ဝန်ကြီးဌာနက ကြီးမှူးပြီး အားကစားနှင့် ကာယပညာဦးစီး ဌာနနှင့် မြန်မာနိုင်ငံ ပြေးခုန်ပစ် အဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✣



### ယနေ့ ဖတ်စရာ


တရုတ်-မြောက်ကိုရီးယား ယာလူမြစ်ကူးတံတားသစ် စတင်ဖွင့်လှစ် စာမျက်နှာ » ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူဖမ်းဆီးရမိ စာမျက်နှာ » ၁၅

သဘာဝဘေးအန္တရာယ်များ၊ ထိခိုက်ခံစားရသူများနှင့် ထိထိရောက်ရောက် ကူညီကယ်ဆယ်နိုင်ရေး ဆောင်းပါး စာမျက်နှာ » ၁၇


## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ




နေပြည်တော် အောက်တိုဘာ ၁၆

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှ မျိုးဆက်သစ်လက်ဝှေ့ အားကစားသမားများ ပေါ်ထွက် လာစေရေးနှင့်လက်ဝှေ့အားကစား နည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေ ရေးတို့အတွက် ရည်ရွယ်၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် လက်ဝှေ့ပြိုင်ပွဲကို အောက်တိုဘာ ၁၆ ရက်မှ ၂၃ ရက်အထိ ပဲခူး တိုင်းဒေသကြီး ပဲခူးမြို့ အားကစား ဥယျာဉ်ရှိ မိုးလုံလေလုံ အားကစား ရုံ၌ ပြိုင်ပွဲကာလ ရှစ်ရက်ကြာ ကျင်းပသွားမည် ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၄ သင်း၊ အမျိုးသမီးအသင်း ၁၄ သင်း စုစုပေါင်းအင်အား ၂၂၃ ဦး

စာမျက်နှာ ၅ ကော်လံ ၁ သို့ ■



သစ္စာအားမာန်အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## M-League ပြိုင်ပွဲတွင် အား / ကာသိပ္ပံ အသင်း ပထမဆုံးနိုင်ပွဲရရှိ

ရန်ကုန် အောက်တိုဘာ ၁၆

၂၀၂၆-၂၀၂၇ ရာသီ Grand Royal M-League ပြိုင်ပွဲ ပွဲစဉ် (၄) ပထမနေ့ကို အောက်တိုဘာ ၁၆ ရက်က Star City ကွင်း၌ကျင်းပရာ အား/ကာသိပ္ပံအသင်းက သစ္စာအားမာန်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ✣